# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၇)


**စားနပ်ရိက္ခာဖူလုံဖို့ ဇီဝမျိုးစုံထိန်းသိမ်းစို့**

"စားနပ်ရိက္ခာဖူလုံဖို့ ဇီဝမျိုးစုံထိန်းသိမ်းစို့ ဆောင်ပုဒ်၏ ရည်မှန်းချက်မှာ လူသားများအနေဖြင့် ကျန်းမာပျော်ရွှင်သော လူနေမှုဘဝရရှိစေရန် အရည်အသွေးမြင့်မားသည့် အစားအစာများ ရေရှည်လုံလောက်စွာရရှိစေရေးတွင် ဇီဝမျိုးစုံကွဲပြားမှု၏ အရေးပါပုံကို ဖော်ကျူးရန်ဖြစ်သည်။"





## ငတ်မွတ်ခေါင်းပါးခြင်းကင်းဝေးရေးနှင့် စားနပ်ရိက္ခာလောက်ငလုံခြုံရေးသည် အခြေခံအကျဆုံးလူ့အခွင့်အရေးဖြစ် ကမ္ဘာ့ပြည်သူများအကြား ယင်းအခွင့်အရေးမျှတစွာရရှိရေး နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ပူးပေါင်းဆောင်ရွက်မည်

## မြန်မာနိုင်ငံ၌စိုက်ကေ၄၁ဒသမ၃၂သန်းရှိရာ ပြည်တွင်းစားသုံးမှုဖူလုံရေးသာမက ပြည်ပဈေးကွက်ပါဖြည့်ဆည်းပေးနိုင် အနာဂတ်ကမ္ဘာ့ပြည်သူများ ဝဝလင်လင်ကျွေးမွေးနိုင်ရန် ကမ္ဘာ့နိုင်ငံအားလုံးလက်တွဲပြီးဆောင်ရွက်ရန်လို

ရန်ကုန် အောက်တိုဘာ ၁၆

၂၀၀၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာနအဆောက်အအုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ **(အပေါ်ပုံ)**

**စာမျက်နှာ ၈ ကော်လံ ၁ ✻**

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ သံရုံးတာဝန်ခံများအား ချစ်ကြည်ရင်းနှီးစွာ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

# မြန်မာနိုင်ငံ၏ကျန်းမာရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်း ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်

နိုင်ငံတော်၏ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံသူနိုင်ငံသားများ ကျန်းမာကြံ့ခိုင်စေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နယ်စပ်အစွန်အဖျား ဒေသများပါမကျန် တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ကျန်းမာရေးအဆင့်အတန်းကို အရှေ့တောင်အာရှတွင် ရှေ့တန်းရောက်နေသည့် နိုင်ငံများနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရန်အတွက် ကျန်းမာရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားစေရန် နိုင်ငံတော်က အထူးလေးနှစ်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

တပ်မတော်အစိုးရ တာဝန်ယူခဲ့သည့်ကာလအတွင်း ကျန်းမာရေးနှင့် သက်ဆိုင်သည့် အထူးစီမံကိန်းများ ချမှတ်ဖော်ဆောင်ခဲ့သဖြင့် ဆေးရုံပေါင်း၁၀၀ကျော် တိုးပွားလာခဲ့ပြီး ယခုအခါ ဆေးရုံပေါင်း ၇၀၀ကျော် ရှိလာခဲ့ပြီဖြစ်သည်။ ထို့အပြင် ဆေးတက္ကသိုလ်များ၊ ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များနှင့် ဆေးရုံကြီးများတွင် ခေတ်မီအီလက်ထရွန်းနစ် ပစ္စည်းကိရိယာများ၊ ခေတ်မီရောဂါရှာဖွေရေးနှင့် ကုသရေးပစ္စည်းကိရိယာများ၊ နိုင်ငံတကာအဆင့်မီ ဆေးပစ္စည်းကိရိယာများ၊ ဓာတ်ခွဲခန်းသုံး ပစ္စည်းများနှင့် ဆေးဝါးများကို နိုင်ငံတော်က အမေရိကန်ဒေါ်လာသန်း၂၀ကျော် အကုန်အကျခံ၍ ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းပေးခဲ့သည်။

ယင်းသို့ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်အလျောက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများ တိုးတက် မြင့်မားလာခဲ့ပြီး ကျန်းမာရေးကဏ္ဍတွင် ကမ္ဘည်းမော်ကွန်းထိုးရမည့် အောင်မြင်မှု မှတ်တိုင်များလည်း အထင်အရှား စိုက်ထူနိုင်ခဲ့သည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောက်တိုဘာလ ၁၅ရက်နေ့က ရန်ကုန်တိုင်း ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း ကျန်းမာရေးဝန်ကြီးဌာန အဆောက်အအုံ၌ ကျင်းပသော အမျိုးသားကျန်းမာရေးကော်မတီ (၄၁)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားရာတွင်—

**"မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ တိုးတက်အောင်မြင်မှုများ ဖြစ်ထွန်းနေသည့် အချိန်ကာလတွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး တိုးမြှင့်ပေးနိုင်ရေး တို့အတွက် ပိုမို၍ ကြီးလေးသော တာဝန်များရှိလာသည်ဟု ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိသူများ အားလုံးက ခံယူထားကြရန်"**

ပြောကြားသွားသည်။

ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးမြှင့်စေနိုင်ရေး၊ ဆေးပညာ အဆင့်အတန်း တိုးတက်မြင့်မားရေး၊ အရည်အသွေးမြင့်မားသည့် ဆေးပညာရှင်များ ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရက စနစ်တကျ အကောင်အထည်ဖော်ပေးခဲ့သဖြင့် ကျန်းမာရေးကဏ္ဍ အသီးသီးတွင် အောင်မြင်ဖြစ်ထွန်းမှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။

တပ်မတော်အစိုးရလက်ထက်တွင် နှလုံးခွဲစိတ်ကုသမှုအပါအဝင် အဆင့်မြင့်နှလုံးရောဂါ ရှာဖွေကုသမှုများ၊ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများ၊ ကိုယ်ချင်းဆက်အမြွှာများ အောင်မြင်စွာခွဲစိတ်ကုသမှုများ၊ လုံးဝ ပြတ်တောက်သွားသည့်လက်ကို အဏုစိတ်ခွဲစိတ်ကုသမှုဖြင့် ပြန်လည်ဆက်ပေးခဲ့မှုများနှင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းသည် မြန်မာ့ဆေးပညာကဏ္ဍ၏ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းများပင် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ တိုးတက်အောင်မြင်ဖြစ်ထွန်းနေသည့် ယနေ့အချိန်အခါတွင် ကျန်းမာရေးဆိုင်ရာဝန်ထမ်းများက ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ ရောဂါများ ကာကွယ်တားဆီးကုသပေးမှုတို့ကို အရေအတွက်သာမက အရည်အသွေးပါ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန် အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

**၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။**

**(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။**

**(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိတ်မသုန် အကောင်အထည်ဖော်သွားမည်။**

**(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။**

**(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။**

**(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။**

**(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။**



**စက်တင်ဘာ၂၈ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော မိုးဆမ်းပန်း ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်ဖွင့်ပွဲကို အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝေ၊ မြို့နယ်ပညာရေးမှူး ဒေါ်သီဂီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုနွယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



**အောက်တိုဘာ ၉ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျေးရွာစာကြည့်တိုက်များသို့ အလှူငွေများ၊ စာအုပ်များလှူဒါန်းပွဲနှင့် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၏ စာပေဟောပြောပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသူများက စာအုပ်များ လှူဒါန်းစဉ်။** (က-ပ)

## ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ သီတင်းကျွတ်လပြည့် ကြာသပတေးနေ့တွင် အကြိမ်(၁၄၀) ပဝါရဏာပွဲနှင့် ပဲခူးတိုင်းသုံးဂိုဏ်းဝင် သံဃမဟာထေရ်ပူဇော်ပွဲများ ကျင်းပမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်၊ တနင်္ဂနွေနေ့တွင် ကျောင်းတိုက်ရှိ ဝါဆိုသံဃာတော်အပါး ၁၀၀၀ ကျော်တို့အား (၅၆)ကြိမ်မြောက် ဘုံကထိန်နှင့် ကထိန်သင်္ကန်းလျာများ ဆက်ကပ်လှူဒါန်းမည် ဖြစ်သည်။

**(က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၁၇-၁၀-၂၀၀၄**
**(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"အမှောင်ငါးစင်းအလင်းငါးချက်"**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Science and Scientists
၄:၃၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၁။ မြန်မာ့ရှုခင်း
၆:၄၀ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပန်းတိုင်"** (အပိုင်း-၄)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ လျှပ်တစ်ပြက်
၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၉။ EPL ဘောလုံးပွဲ Charlton Athletic & °Newcastle United




**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး အကပြိုင်ပွဲတွင် တနင်္သာရီတိုင်းမှ မစိုးစန္ဒာဦး၏ အကယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)**

# လက်ဆင့်ကမ်းအမွေ

❖ ထံတျာ၊သီတာ၊သာယာကြိုးများ
သင်ရိုးထားခဲ့
ဘိုးဘွားအမွေဆက်ခံစေဟု။

❖ ထံတျာတေရှင်၊ ဝါးဝင်စည်းချက်
'မူ'အသက်ပြု၊ ဒလု၊ ထုံချန့်
တောလုံးနှံ့စေ
အသန့်ဂီတ၊ သံစဉ်လှကို
ပြသကော်တ၊ မူဘောင်ချခဲ့
အစကောင်းခြင်း၊ 'ပုစဉ်းတောင်သံ'
မြန်မာ့ဟန်ကို
ဖန်ဖန်လေ့ကျက် ဝတ်မပျက်ခဲ့။

❖ 'မင်္ဂလာသီရိ'
ကျက်သရေပြည့်စွ၊ ဘွဲ့အလှကို
ဖွဲ့ပြစောင်းကြိုး၊ တီးခတ်နှိုး၍
မျိုးရိုးဂုဏ်လည်း တင့်ခဲ့သည်။

❖ 'ထူးမခြားနား'၊ စုံသားမီးရေ
ပြားထွေရောင်တော်၊ ဖူးကော်ရော်ဖို့
ဖွဲ့သော်သီချင်းခန့်၊ ကြည်ညိုအံ့စေ
အခံ့အညား၊ ဟန်ထားမင်မောင်း
အာလျှာကောင်းရန်
နည်းမှန်မှုများ ထားခဲ့သည်။

❖ 'ချစ်သမျှကို'၊ မြင့်မိုရ်ဆိုသား
ထိုထိုပတ်ပျိုး၊ သင်ယူကြိုးတော့
ပတ်ပျိုးဘာဝ၊ နှုန်းရသည့်
သိင်္ဂါရမည်
ရသပီစေမူထားပေခဲ့။

❖ 'လျှပ်ပန်းခွေနွဲ့'
လေသွဲ့သံစဉ်၊ သင်ယူစဉ်က
စည်းဝင်ဝါးချ၊ နရီလှအောင်
သင်ပြကာထိန်း
"နန်းသိမ်းယိုးဒယား"မူစံထားခဲ့။

❖ 'စိန်ခြူးကြာညောင်'
လရောင်ဖြာလင်း၊ မှန်ပြတင်းမှ
မျှော်ရင်းလင်းကြက်၊ အရုဏ်တက်ကို
ကြင်ဖက်ဝေးဟန်၊ ချစ်ဆွေးသံဖြင့်
မူဟန်'ဘောလယ်'တေးသံကြွယ်ခဲ့။

❖ တိမ်မှောင်ဝေကင်း၊ မြူမှေးရှင်းဟု
တေးချင်း'လောကနတ်'၊ မွန်သံထပ်သွယ်
'စိန်ခြယ်ညီးလင်း'၊ 'ညှင်းညှင်းပဋ္ဋင်'
စာဆိုရှင်တို့
ဂုဏ်အင်ပြည့်စွ၊ ရေးဖွဲ့ကြ။

❖ ရာမလက္ခဏ၊ ဇာတ်ကြီးလှလျှင်
ဂီတသဘင်လည်း၊ တီး၊ဆို၊တွဲ၍
ကြိုးဆွဲရပ်သေး
တေးရေးစီကြ၊ ကုံလုံ၄သည့်
ဆို၊က၊ရေး၊တီး၊ ပြိုင်ပွဲကြီးကို
ခရီးမဖင့်၊ နှင်, သဖြင့်လျှင်
လက်ဆင့်ကမ်းကြ၊ မြိုင်ဆိုင်လှ၏
ဒွါဒသမသို့ တိုင်ပြီတည်း။ ။

ရွှေကူနန်းနွဲ့နွဲ့

❒ *ကျောဖုံးမှ*

ယင်းကဲ့သို့ ကျင်းပရာတွင် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌လည်းကောင်း၊ အကပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌လည်းကောင်း၊ အရေးပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌ လည်းကောင်း၊ အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌လည်းကောင်း၊ တယောပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ လည်းကောင်း အသီးသီးကျင်းပကြသည်။

**ကြည့်ရှုအားပေး**

ယနေ့ကျင်းပသည့် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်စိုးသိန်း၏ဇနီး ဒေါ်ခင်အေးကြင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ ဇနီး ဒေါ်ထွေးထွေးညွန့်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း သာကေတမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်ခင်လေးစား မြတ်နိုးကြသော ပြည်သူများ လာရောက်၍ နားသောတဆင် ကြည့်ရှုအားပေးကြသည်။




**ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းအဖွဲ့လိုက်ပညာရှင် အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ ဦးဗိုလ်ဟိန်းနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။ (မြန်မာ့အလင်း)**

**အဆိုပြိုင်ပွဲ**

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ တတိယမြောက်နေ့ အဆိုပြိုင်ပွဲကို နံနက်၉နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပရာ အဆို အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက် ညွှန်ကြားရေးမှူး (ဂီတ) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက် အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆို အကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ပြိုင်ပွဲကို ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာ အဆင့် အသက်(၅-၁၀) နှစ် (အမျိုးသား) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲကို ကျင်းပရာ ရေနံ့သာဝင်းမောင် ရေးစပ် သီကုံးပြီး တေးသံရှင် ကေတုဝင်းထွဋ် သီဆိုသည့် **'ရွှေတိဂုံကိုမြင်ရင်'** သီချင်းဖြင့် ကရင်ပြည်နယ်မှ စောကျော်ခိုင်ညွန့်၊ ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်မင်း၊ ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်၊ မန္တလေးတိုင်းမှ မောင်တင်ကိုဝင်း၊ ရန်ကုန်တိုင်းမှ မောင်ဇော်ဝင်းနိုင်၊ ပဲခူးတိုင်းမှ မောင်ရဲမြင့်၊ ဧရာဝတီတိုင်းမှမောင်ထွဋ်မြတ်၊ ကချင်ပြည်နယ်မှ မောင်လွင်အောင်ဖြိုး၊ စစ်ကိုင်းတိုင်းမှ မောင်ငြိမ်းချမ်းအောင်၊ မကွေးတိုင်းမှမောင်ရဲရင့်သူ၊ ရှမ်းပြည်နယ်မှ မောင်ထက်အောင်ဖြိုး၊ မန္တလေးတိုင်းမှ မောင်လှမျိုးဇော်နှင့် မွန်ပြည်နယ်မှ မောင်ဝဏ္ဏတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁ နာရီတွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အဆင့်မြင့် ပညာအဆင့်(အမျိုးသမီး) ခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ ကိုသက်ဦး ရေးစပ်သီကုံးသည့် **'သီတာရေစင်'**သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မသန်းသန်းဝင်း၊ ရှမ်းပြည်နယ်မှ မနွေးနွေးသီရိအောင်၊ စစ်ကိုင်းတိုင်းမှမစိန်ရွှေမြ၊ မွန်ပြည်နယ်မှ မိလဲ့လဲ့ခိုင်၊ မန္တလေးတိုင်းမှ မသန္တာနွေး၊ ပဲခူးတိုင်းမှ မခင်သူသူဝင်း၊ မန္တလေးတိုင်းမှ မခင်ဆွေအေး၊ ကရင်ပြည်နယ်မှ မဖြိုးမင်းဝင်းအိ၊ မကွေးတိုင်းမှ မသော်သော်ဟန်၊ ရန်ကုန်တိုင်းမှ မမာမာအေး၊ ဧရာဝတီတိုင်းမှ မဇာလီစိုး၊ ကချင်ပြည်နယ်မှ မဖြူဖြူအောင်နှင့် ရန်ကုန်တိုင်းမှ မထက်ထက်မော်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး တတိယနေ့ပြိုင်ပွဲ အစီအစဉ်များကို မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

အောက်တိုဘာ ၁၇ရက် နံနက်ပိုင်းတွင် ဝါသနာရှင်အဆင့်(အမျိုးသမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ခေတ်ဟောင်း၊ ကာလပေါ်တေး အဆိုပြိုင်ပွဲတို့ကို အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**အကပြိုင်ပွဲ**

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ အတွင်းရေးမှူး ဒေါ်မူမူခင်နှင့် အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (အမျိုးသား)အကပြိုင်ပွဲကိုကျင်းပရာ ရှမ်းပြည်နယ်မှ ဦးမင်းမင်းထွန်း၊ ရန်ကုန်တိုင်းမှ မောင်အောင်ကျော်စိုး (ခ)ကျော်နိုင်ထွန်း၊ ရခိုင်ပြည်နယ်မှ မောင်လှမောင်ထွန်း၊ မန္တလေးတိုင်းမှ ဦးသန်းစိုး၊ ရန်ကုန်တိုင်းမှမောင်ရဲသူရနိုင်၊ မန္တလေးတိုင်းမှ မန္တလေးပန်တျာမင်းသူ၊ စစ်ကိုင်းတိုင်းမှ ဦးလွမ်းဇော်၊ ပဲခူးတိုင်းမှ ဦးမြတ်လင်းအေး၊ မွန်ပြည်နယ်မှ မောင်မိုးဆုအောင်၊ ဧရာဝတီတိုင်းမှ မောင်စိုးလင်းကျော်နှင့် မကွေးတိုင်းမှ မောင်ကိုကိုနိုင် (ခ)ရှိုင်းသူရတို့ ပါဝင်ယှဉ်ပြိုင်ကပြကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး အကပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ မွန်ပြည်နယ်မှ မကြူကြူစိုး၊ ပဲခူးတိုင်းမှ မရွှေရည်ဖူး၊ စစ်ကိုင်းတိုင်းမှ မမေသင်္ကြန်၊ မန္တလေးတိုင်းမှ မဂျူလိုင်မိုး၊ ရခိုင်ပြည်နယ်မှ မဝင့်ဝါရည်၊ ကယားပြည်နယ်မှ မခင်နှင်းယု၊ ချင်းပြည်နယ်မှ မအာဘီကေးဇိန်ထာပါရ်၊ ရှမ်းပြည်နယ်မှ မသီတာသက်ဝင်း၊ မကွေးတိုင်းမှ မအိယမုံဖူး၊ ကရင်ပြည်နယ်မှ မိသီတာဦး၊ ရန်ကုန်တိုင်းမှ မအိန္ဒြေကျော်၊ ကချင်ပြည်နယ်မှ မဇင်ယော်မေ၊ တနင်္သာရီတိုင်းမှ မစိုးစန္ဒာဦး၊ မန္တလေးတိုင်းမှ မနွယ်နီဝင်းဝင်းကို၊ ရန်ကုန်တိုင်းမှ မသူဇာလှိုင်နှင့် ဧရာဝတီတိုင်းမှ မချစ်မြတ်နိုးဝေတို့ ပါဝင်ယှဉ်ပြိုင်ကပြကြပြီး တတိယမြောက်နေ့ အကပြိုင်ပွဲကို ညနေ ၃နာရီတွင် ရပ်နားလိုက်သည်။

အောက်တိုဘာ ၁၇ရက် နံနက်ပိုင်းတွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) အကပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) အကပြိုင်ပွဲကိုလည်းကောင်း အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**အရေးပြိုင်ပွဲ**

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာ ကျောင်း၌ တတိယမြောက်နေ့အဖြစ် နံနက် ၉နာရီတွင် ဆက်လက်ကျင်းပရာ အခြေခံပညာ အဆင့် အသက်(၁၅-၂၀) နှစ် သီချင်းစာသားရေး တေးသွားထည့်အရေးပြိုင်ပွဲတွင် **'လူငယ့်ဂုဏ်ရည် '**သီချင်း ခေါင်းစဉ်ဖြင့် ချင်းပြည်နယ်မှ မောင်ဆန်းဇော်(ခ)ဟဲရဲမှုန်၊ စစ်ကိုင်းတိုင်းမှ မောင်စိန်လွင်ကျော်၊ တနင်္သာရီတိုင်းမှ မောင်ဗညားသီဟနိုင်၊ မန္တလေးတိုင်းမှ မောင်ဖိုးလရောင်နှင့် မခင်ငြိမ်းချမ်းစိုး၊ ရန်ကုန်တိုင်းမှ မမိုးမိုးယဉ်မင်းနှင့် မောင်လူလူလှိုင်ဝင်း၊ ဧရာဝတီတိုင်းမှ မဖြိုးသဉ္ဇာခင်တို့ ပါဝင်ယှဉ်ပြိုင်ရေးသားကြသည်။ပညာရှင်အဆင့် သီချင်းစာသားရေး တေးသွားထည့် အရေးပြိုင်ပွဲတွင် **'ပြည်ထောင်စုအားမာန်အမြဲရှင်သန်'**သီချင်းခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ ဦးစိုးမိုးအောင်(မြန်မာစာ)၊ ကရင်ပြည်နယ်မှ ဦးနိုင်လင်း၊ မွန်ပြည်နယ်မှ ဦးမြငြိမ်း၊ ရခိုင်ပြည်နယ်မှ ဦးကျော်မြင့်၊ ရှမ်းပြည်နယ်မှ ဦးဝင်းလှိုင်၊ စစ်ကိုင်းတိုင်းမှ ဦးအောင်နိုင်၊ မကွေးတိုင်းမှ ဦးမြဦး၊ မန္တလေးတိုင်းမှ ဦးရှိန်းဗိုလ်နှင့် ဦးမျိုးသူ၊ ရန်ကုန်တိုင်းမှ တွံတေးစံမြင့်ဝင်းနှင့် ဦးမိုးခင်ကျော်၊ ဧရာဝတီတိုင်းမှ ဦးဉာဏ်ဝင်းမောင်တို့ ပါဝင်ယှဉ်ပြိုင်ရေးသားကြသည်။

သီချင်းစာသားရေး တေးသွားထည့် အရေးပြိုင်ပွဲကိုအရေးအမှတ်ပေး အကဲဖြတ် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဘိုကလေးဦးတင့်အောင်နှင့်အဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးသည်။

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

# အမေရိကန်နှင့် အပေါင်းပါတို့ ဆင်နွှဲသည့် အီရတ်စစ်ပွဲ အကြမ်းဖက်မှု ပေါ်ပေါက်အောင် နှိုးဆွပေးခြင်းဖြစ်

လန်ဒန် အောက်တိုဘာ ၁၅

**အီရတ်နိုင်ငံအား ဆင်နွှဲခဲ့သည့် စစ်ပွဲသည် အကြမ်းဖက်မှုပေါ်ပေါက်လာစေရန် နှိုးဆွပေးခဲ့သည်ဟု ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးအဖွဲ့ အကြီးအကဲဟောင်း ဟန်းစ်ဘလစ်ဇ်က ပြောကြားခဲ့သည်။**

မှားကြောင်းဝန်ခံမည့် အစိုးရအဖွဲ့ဟူ၍ မရှိကြောင်း၊ ဆက်ဒမ်ဟူစိန် မရှိတော့သည့်အတွက် ကမ္ဘာကြီးအခြေအနေ ပိုကောင်းလာသည်ဟု လူတိုင်းက ယုံကြည်ကြမည်ဟု မိမိထင်ကြောင်း၊ သို့ရာတွင် ကမ္ဘာကြီးမှာ လုံခြုံမှုတစ်စုံတစ်ရာ မရှိကြောင်း ဟန်းစ်ဘလစ်ဇ်က ပြောသည်။

သို့ဖြစ်ခြင်းကြောင့် ဆက်ဒမ်ဟူစိန်အား ဖယ်ရှားနိုင်ခဲ့သည်ကလွဲ၍ ရည်ရွယ်ချက်တစ်စုံတစ်ရာမျှ အောင်မြင်မှုရသည်ဟု မိမိမထင်ကြောင်း ဟန်းစ်ဘလစ်ဇ်က ဆက်လက်ပြောကြားခဲ့သည်။

**လျှော့ပြော**

တားမြစ်လက်နက်များ ဆက်ဒမ်၌ ရှိသည်ဆိုသော ယူဆချက်အပေါ် အခြေခံသည့် အီရတ်နိုင်ငံအား ကျူးကျော်မှုကို တရားမျှတမှုဖြစ်အောင် လုပ်ခဲ့သော ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောသည် ယခုအခါ ဆက်ဒမ်သည် ထိုလက်နက်များကို ထုတ်လုပ်ရန်ရည်ရွယ်ခဲ့ကြောင်း လျှော့ပြောလာသည်ဟု ဘလစ်ဇ်က ပျက်ရယ်ပြု ပြောကြားခဲ့သည်။

**(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

## ဘဂ္ဂဒက်ရှိ အစိမ်းရောင်ဒေသအပါအဝင် အီရတ်နိုင်ငံတစ်ဝန်း တိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် အောက်တိုဘာ ၁၄

**သက်ာမကင်းဖွယ် အယ်လ်ခိုင်ဒါ ခေါင်းဆောင် အဘူမူဆက်အယ်လ်ဇာကာဝီ၏ နောက်လိုက်များက ဘဂ္ဂဒက်မြို့ရှိ အစိမ်းရောင်ဒေသကို ဗုံးခွဲတိုက်ခိုက်မှုများအပါအဝင် အီရတ်နိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများတွင် သေဆုံးသူ ဦးရေ ၃၂ ဦးထက်မနည်းရှိခဲ့ကြောင်း အင်တာနက်မှလာသော ဝက်ဘ်ဆိုက် သတင်းအရ သိရသည်။**

ခုခံတိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိသော ဖော်လူဂျာမြို့၌ လူပေါင်းများစွာသေကျေခဲ့ရသော တိုက်ပွဲများကို ကြီးကိုင်လျက်ရှိသူဟုစွပ်စွဲခံရပြီး အမေရိကန်ဒေါ်လာ ၂၅ သန်းဆုငွေထုတ်ထားခြင်းခံရသူ ဇာကာဝီအား လက်နက်ချရန် အီရတ်နိုင်ငံ ဝန်ကြီးချုပ် အီယဒ်အလာဝီက သတိပေးခဲ့ပြီး နောက်ပိုင်းတွင် ထိုတိုက်ခိုက်မှုများ ဖြစ်ပွားခြင်းဖြစ်သည်။

**သေဆုံး**

အစိမ်းရောင်ဒေသ၌ ဖြစ်ပွားသော တိုက်ခိုက်မှုတွင် အမေရိကန်အရပ်သားနှစ်ဦးအပါအဝင် အီရတ်ပြည်သူ ခုနစ်ဦးသေဆုံးခဲ့ပြီး အနည်းဆုံးရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

**ဖြစ်ပွား**

အီရတ်လူမျိုးများ၊ နိုင်ငံခြားတပ်ဖွဲ့ဝင်များနှင့် အရပ်သားများ ပုံမှန် ဝင်ထွက် စားသောက်ရာ အစိမ်းရောင်ဒေသရှိ ကော်ဖီဆိုင်နှင့် အစိမ်းရောင်ဒေသဈေးအတွင်း၌ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ်၄၀၌ အထက်ပါတိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

## အဘူဂါရိုင်ပ် အကျဉ်းစခန်း၌ မတရားညှဉ်းပန်း နှိပ်စက်မှုများ မြင်တွေ့ခဲ့ရကြောင်း အီရတ်အမျိုးသမီး အကျဉ်းသားထုတ်ဖော်

ပါရီ အောက်တိုဘာ ၁၃

**အီရတ်နိုင်ငံ အဘူဂါရိုင်ပ်အကျဉ်းစခန်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အခြားအကျဉ်းသားများအား မတရားညှဉ်းပန်းနှိပ်စက်သည်ကို မိမိမြင်တွေ့ခဲ့ရကြောင်း အဘူဂါရိုင်ပ်အကျဉ်းထောင်၌ နောက်ဆုံးဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရသော ချမ်းသာကြွယ်ဝသည့်အီရတ်အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်က ပြောကြားကြောင်း ပြင်သစ်သတင်းစာ လီမွန်ဒီက ရေးသားဖော်ပြခဲ့သည်။**

မိမိအား အဘူဂါရိုင်ပ်သို့ မပြောင်းရွှေ့မီအခြားအကျဉ်းထောင်၌ ချုပ်နှောင်ထားခြင်းခံရစဉ်က တွင် မိမိသည်ရိုက်နှက်ခြင်း၊ အစားအစာမပေးခြင်းနှင့် မအိပ်ရခြင်းတို့ဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရကြောင်း၊ ထို့ပြင် အစောင့်တစ်ဦးကြောင့် မိမိ၏ပခုံးရိုးအဆစ်လွဲခဲ့ရကြောင်း ဟူဒါအယ်လ်အက်ဇ်ဇာဝီဆိုသူ အမျိုးသမီးက ပြောကြားသည်။ သူမအားနှိပ်စက်သည့်အစောင့်သည် မည်သည့်လူမျိုးဖြစ်သည်ကိုမူ သတင်းစာက ရေးသားဖော်ပြခြင်းမပြုဘဲထားသည်။

အယ်လ်အက်ဇ်ဇာဝီ (၄၉)နှစ်သည် အမေရိကန်တပ်ဖွဲ့များက ဒီဇင်ဘာ ၂၂ရက်၌ ဖမ်းဆီးခြင်းခံခဲ့ရပြီး အီရတ်ခုခံတိုက်ခိုက်ရေးသမားများကို ငွေကြေးထောက်ပံ့နေသူအဖြစ် စွပ်စွဲခြင်းခံခဲ့ရကြောင်း သတင်းစာက ရေးသားသည်။ သူမအား ကနဦး၌ အက်ဒ်ဟာမီယာ အကျဉ်းစခန်း၌ သူမ၏ညီမဖြစ်သူနှင့်အတူ အချုပ်ခန်းတစ်ခန်းတည်း၌ချုပ်နှောင်ခြင်းခံခဲ့ရသည်။ သူမသည် ဇန်နဝါရီ ၄ရက်၌ အဘူဂါရိုင်ပ်သို့ရွှေ့ပြောင်းခံခဲ့ရပြီး အကြိမ်(၃၀)မျှ စစ်ဆေးမေးမြန်းခံခဲ့ရသည်ဟု ၎င်းသတင်းစာက ဖော်ပြသည်။ **အမ်အင်အေ၊အေပီ**



**ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မော်တော်ယာဉ်တစ်စီး မီးလောင်နေသည်ကို အောက်တိုဘာ ၁၁ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## ဘုရှ်၏ စွမ်းအင်မူဝါဒ ဂျွန်ကယ်ရီ အပြင်းအထန်ဝေဖန်တိုက်ခိုက်

ဝါရှင်တန် အောက်တိုဘာ ၁၅

**အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ အီရတ်စစ်ပွဲစီမံခန့်ခွဲမှုအမှားကြောင့် လောင်စာဈေးနှုန်းများ မြင့်မားလာရကြောင်း အမေရိကန် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဂျွန်ကယ်ရီက ဘုရှ်၏ စွမ်းအင်မူဝါဒအား တနင်္လာနေ့၌ ဝေဖန်တိုက်ခိုက်ပြောကြားခဲ့သည်။**

လွန်ခဲ့သည့် ရက်သတ္တပတ်၌ လောင်စာဈေးနှုန်းသည် တစ်စည်လျှင် ၅၃ ဒေါ်လာသို့ မြင့်တက်ခဲ့သည့် အဓိကအကြောင်းရင်းမှာ ဘုရှ်၏ အီရတ်စစ်ပွဲ စီမံခန့်ခွဲမှုအမှားကြောင့်ဖြစ်ကြောင်း နယူးမက္ကဆီကို ဆင်တာဖီ၌ မဲဆွယ်ပွဲခရီးတစ်ထောက်ရပ်နားစဉ် ဂျွန်ကယ်ရီက ပြောကြားခဲ့သည်။

**ဝေဖန်ထိုးနှက်**

ဘုရှ်၏ အမေရိကန်လူလတ်တန်းစားများအပေါ် အခွန်နှုန်းထား ကတိဖောက်ဖျက်မှုကိုလည်း ဂျွန်ကယ်ရီက အပြင်းအထန်ဝေဖန်ထိုးနှက်တိုက်ခိုက်ခဲ့သည်။

ဂျွန်ကယ်ရီက စွမ်းအင်ကဏ္ဍတွင် ၁၀ နှစ်ကြာနိုင်ငံခြားတိုင်းပြည်များပေါ် မှီခိုနေရသော အမေရိကန်နိုင်ငံ၏ အခြေအနေကို လွတ်မြောက်စေမည်ဖြစ်ကြောင်းနှင့် လောင်စာများ ပိုမိုရရှိစေရန် နည်းလမ်းသစ်များ ရှာဖွေသွားမည်ဖြစ်ကြောင်း ကတိပေး မဲဆွယ်ခဲ့သည်။

**(အင်တာနက်)**

## ဓားစာခံများ လွတ်မြောက်ရေး အမေရိကန်ကြိုးပမ်းချက် အောင်မြင်မှုမရခဲ့

ဝါရှင်တန် အောက်တိုဘာ ၁၆

**အမေရိကန်နိုင်ငံသည် ပြီးခဲ့သောလက အမေရိကန်ဓားစာခံနှစ်ဦးနှင့် ဗြိတိသျှဓားစာခံ တစ်ဦးတို့အား နှစ်ကြိမ်တိုင်တိုင် ကယ်ဆယ်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ဘဲ အဆိုပါဓားစာခံသုံးဦး အသတ်ခံခဲ့ရကြောင်း အမေရိကန်တာဝန်ရှိ ပုဂ္ဂိုလ်များက အင်္ဂါနေ့၌ ပြောကြားခဲ့သည်။**

ဓားစာခံများ ကယ်ဆယ်ရေးအဖွဲ့သည် ထောက်လှမ်းရေး သတင်းများကို အခြေခံ၍ ဘဂ္ဂဒက်မြို့ရှိ နေရာနှစ်ခု၌ ရှာဖွေ ခဲ့သော်လည်း မည်သည့် အထောက်အထားမှ မရရှိခဲ့ကြောင်း အမည်မဖော်လိုသူ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားခဲ့သည်။

စက်တင်ဘာလ ၁၆ရက်က ဘဂ္ဂဒက်မြို့ရှိ ၎င်းတို့၏ နေအိမ်မှ ပြန်ပေးဆွဲခံခဲ့ရသော အမေရိကန်လူမျိုး ယူဂျင်အမ်း စထရောင်းနှင့် ဂျက်တင်စလီအပြင် ဗြိတိသျှလူမျိုး ကင်ဘစ်ဂလီတို့ လွတ်မြောက်ရန် ကြိုးပမ်းခဲ့သော တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ၎င်းတို့အား မည်သည့် နေရာတွင်မှ ရှာမတွေ့ ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဓားစာခံများ လွတ်မြောက်ရေး ကြိုးပမ်းရာ၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ ပါရှိခဲ့ပြီး ဝါရှင်တန်မှ တာဝန်ရှိပုဂ္ဂိုလ်များက အသေးစိတ် ပြောကြားရန် ငြင်းဆိုခဲ့ကြောင်း အင်္ဂါနေ့၌ ဘဂ္ဂဒက်မြို့မှ ပေးပို့သော စီအင်န်အင်န် ကနဦးသတင်းအရ သိရသည်။

ဓားစာခံသုံးဦးအား သက်ရှိ ထင်ရှားရှိစဉ် ကယ်ဆယ်ရန်တစ်ကြိမ် ကြိုးပမ်းခဲ့ပြီး ၎င်းတို့အား ဖမ်းဆီးသွားပြီးနောက် အမ်းစထရောင်း ဆိုသူ အသတ်ခံရပြီးချိန်တွင် ဒုတိယအကြိမ် ကယ်ဆယ်ရန် ကြိုးစားခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**



**ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်ခုကို အောက်တိုဘာ ၁၂ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံမှ ကျောင်းသုံးဖတ်စာအုပ်များရိုက်နှိပ်ပေးမည် ပြည်သူများအတွက် ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းနှင့် ဖိတ်စာများပါဆောင်ရွက်ပေးနိုင် အရည်အသွေးမြင့် စာအုပ်စာစောင်များ ရိုက်နှိပ်နိုင်ရေး စနစ်တကျကိုင်တွယ်ထိန်းသိမ်း

ရန်ကုန် အောက်တိုဘာ ၁၆

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ် မန္တလေး-ပြင်ဦးလွင် ကားလမ်းအနီးရှိ စက်ရုံဝင်းအတွင်းကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်ချီးမြှင့်ကြသည်။**






**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ ဖွင့်ပွဲ အခမ်းအနားတွင် စက်ရုံ၏ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)**

## ဖွင့်ပွဲတက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးမြို့တော်ဝန်ဗိုလ်မှူးချုပ်ရန်သိမ်း၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးခရိုင် မြို့နယ်ခုနစ်မြို့နယ်မှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ရုပ်ရှင်လုပ်ငန်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ မန္တလေး ကိုယ်ပွားသတင်းစာတိုက် မြန်မာသတင်းစဉ် (အထက်မြန်မာပြည်ရုံးခွဲ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းအဆင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်ပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များက ပုံနှိပ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ဒုတိယပိုင်းအစီအစဉ်များကို စက်ရုံရှင်းလင်းဆောင်တွင် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင်ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအစိုးရ အဖွဲ့အစည်း ကမ္ဘာ့ပြည်သူများအကြား Mediaဖြင့်ပေါင်းကူးပေးရသည့် ဌာနဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်အောင်စည်းရုံး၊ ပြန်ကြားပေးရသည့် ဌာနဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံတစ်ဝန်းလုံး နယ်စပ်ဒေသများ ပါမကျန် ပြန်ကြားရေးလုပ်ငန်းများ ပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်ရန် နှင့် ဆောင်ရွက်သည့် ပြန်ကြားရေး လုပ်ငန်းများသည်လည်း သွက်လက်ထက်မြက်၍ အရည်အသွေးမြင့်မားရန်ဟူ၍လည်းကောင်း၊ အထက်မြန်မာနိုင်ငံအခြေခံပညာကျောင်းသူကျောင်းသားများအတွက် နှစ်စဉ်လိုအပ်သော ကျောင်းသုံး ဖတ်စာအုပ်များကို အထက်မြန်မာနိုင်ငံမန္တလေးမြို့တွင်ပင်ရိုက်နှိပ်ပြီး သယ်ယူပို့ဆောင်ရေး စရိတ်သက်သာစွာနှင့် နီးနီးနားနား အလွယ်တကူသယ်ယူဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်ရန်ဟူ၍လည်းကောင်း လမ်းညွှန်ခဲ့ကြောင်း၊ ထိုလမ်းညွှန်ချက်အရ ယနေ့ဖွင့်လှစ်သော အထက်မြန်မာပြည် ပုံနှိပ်စက်ကို တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ပုံနှိပ်စက်တွင် လေးယူနစ် ပတ်လည်စက်နှစ်လုံးနှင့် ရွက်ထိုးစက် တစ်လုံးတို့ပါဝင်ကြောင်း၊ အဖြူအမည်းသာမက အရောင်လေးရောင်ဖြင့် ရောင်စုံပါရိုက်နှိပ်ပေးနိုင်ကြောင်း၊ သို့ပါ၍ ယခုနှစ်မှစ၍ ကျောင်းသုံးစာအုပ်များရိုက်နှိပ်ပြီး ကချင်ပြည်နယ်၊ရှမ်းပြည်နယ် (တောင်ပိုင်း)၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းနှင့်ချင်းပြည်နယ်တို့အတွက်ဖြန့်ဖြူးပေးသွားမှာဖြစ်ကြောင်း၊ လာမည့်နှစ်တွင်မူ အထက်ပါ ပြည်နယ်နှင့်တိုင်းခြောက်ခုအပြင် မန္တလေးတိုင်းအတွက်ပါ ရိုက်နှိပ်ဖြန့်ဝေရန် စီစဉ်ထားပါကြောင်း၊ ထို့အပြင်ပြည်သူများအတွက် ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းနှင့် အလှူမင်္ဂလာဖိတ်စာများကိုပါ သင့်တော်သော အခကြေးငွေဖြင့် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက်ထားရန် သုံးရပ်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုတစ်စိတ်တစ်ဒေသအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနမှ ၂၀၀၅-၂၀၀၆ ခုနှစ်အပြီး တစ်နိုင်ငံလုံးရှိ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတည်ထောင်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၉၀၀၀ကျော် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ကျေးရွာတိုင်း ရုပ်မြင်သံကြားစက် တစ်လုံးရှိရေး၊ အိမ်ထောင်စုတိုင်း ရေဒီယိုတစ်လုံးရှိရေးတို့ကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်း၊ Media လုပ်ငန်း၏ တစ်စိတ်တစ်ဒေသဖြစ်သော ပုံနှိပ်လုပ်ငန်းကိုလည်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖွင့်လှစ်သော အထက်မြန်မာပြည် ပုံနှိပ်စက်ရုံသည် ပစ္စည်းကိရိယာ စုံစုံလင်လင်နှင့် စွမ်းရည်မြင့်မားပြီး အရည်အသွေးရှိသော ပုံနှိပ်စက် ဖြစ်သည့်အတွက် အထက်မြန်မာနိုင်ငံအနေဖြင့် အရည်အသွေးရှိသည့် ပုံနှိပ်လုပ်ငန်းများကို ကိုယ့်ဒေသ ကိုယ့်မြို့နယ်မှာပင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နေ့စဉ်ထုတ်သတင်းစာများကို နေ့ချင်းပေါက် စောစောဖတ်နိုင်ရန် မြန်မာနိုင်ငံအနှံ့အပြား သင့်တော်သောမြို့ကြီးများတွင် ကိုယ်ပွားသတင်းစာတိုက်များကို ထူထောင်ပေးထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို နေ့ချင်းပေါက် လွယ်လွယ်ကူကူ ဖတ်ရှုနိုင်ကြမည်ဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် အထက်မြန်မာပြည် ပုံနှိပ်စက်ရုံ တည်ဆောက်ရာတွင် နိုင်ငံခြားငွေ ၇ ဒသမ ၉သိန်းကျော်နှင့် မြန်မာကျပ်ငွေ သိန်းနှစ်ထောင်ကျော် ကုန်ကျခဲ့ပြီး အရည်အသွေးမြင့် ခေတ်မီပုံနှိပ်စက်ဖြစ်ပါကြောင်း၊ သို့ပါ၍ ဝန်ထမ်းများအနေဖြင့် စက်ရုံ ရေရှည်တည်တံ့ကောင်းမွန်အောင် အရည်အသွေး မြင့်မားသောစာအုပ်၊ စာစောင်များ ရိုက်နှိပ်နိုင်အောင် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

## လုပ်ငန်းများတိုးချဲ့

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားရာတွင် ယနေ့သည် မန္တလေးတိုင်းနှင့် အထက်မြန်မာပြည်အတွက် ထူးခြားသော နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော်မှုရလဒ်ကြောင့် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံကြီး ပေါ်ထွန်းလာရခြင်းဖြစ်ကြောင်း၊ယခုအခါကချင်ပြည်နယ်၊ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း စသော ပြည်နယ်၊ တိုင်းခြောက်ခုအတွက် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံမှ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ပေးတော့မှာ ဖြစ်သည့်အတွက် အချိန်တိုတိုအတွင်းမှာ စရိတ်ကျဉ်းကျဉ်းနှင့် ကျောင်းသုံး ဖတ်စာအုပ်များရရှိမှာဖြစ်ကြောင်း၊ အထက်

***စာမျက်နှာ ၆ ကော်လံ ၅ သို့***



**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)**



**ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)**

*စာမျက်နှာ ၃ မှ*

### တယောပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ တယောပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဓာတ်ရုံ၌ တတိယမြောက်နေ့အဖြစ် နံနက်၉နာရီတွင် ဆက်လက်ကျင်းပရာ ပညာရှင်အဆင့်(အမျိုးသား)တယောပြိုင်ပွဲတွင် **'ရွှန်းရွှန်းမြ (သီချင်းခန့်)'**သီချင်းဖြင့် ပဲခူးတိုင်းမှ ဦးသန်းထွန်းအောင်၊ မွန်ပြည်နယ်မှ ဦးဘသက်၊ မန္တလေးတိုင်းမှ ဦးတင်ဝင်း၊ ရန်ကုန်တိုင်းမှ ဦးဘခက်(ရွှေမြို့တော်ဘခက်)၊ မကွေးတိုင်းမှ ဦးကျော်ဆွေ၊ ဧရာဝတီတိုင်းမှ ဦးပိုက်၊ ရခိုင်ပြည်နယ်မှ ဦးခင်မောင်ရင်၊ ရန်ကုန်တိုင်းမှ ဦးလှသိန်းနှင့် မန္တလေးတိုင်းမှ ဦးသန်းဇော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်(အမျိုးသား)တယောပြိုင်ပွဲတွင် **'ထွေတလာ(ကြိုး)'**သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဟေးရှားဟားထော၊ ဧရာဝတီတိုင်းမှ မောင်ပိုင်ပိုင်၊ မန္တလေးတိုင်းမှ မောင်မျိုးသီဟကိုနှင့် မောင်ကျော်ဝဏ္ဏ၊ရန်ကုန်တိုင်းမှ ခေါ်ဂေးဒယံတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်(အမျိုးသမီး)တယောပြိုင်ပွဲတွင် **'သာယာ(ကြိုး)'**သီချင်းဖြင့် မန္တလေးတိုင်းမှ မရတနာစွမ်းထက်ကျော်နှင့် မချောကလျာစိုး၊ ရန်ကုန်တိုင်းမှ မခေါင်နှောနှင့် ကချင်ပြည်နယ်မှ မအိအိမွန်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

တယောပြိုင်ပွဲကို ဗဟိုအကဲဖြတ်ခေါင်းဆောင် တယောဦးတင်ရီနှင့်အဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးသည်။

အောက်တိုဘာ ၁၇ ရက်တွင် ကမ္ဘောဇဓာတ်ရုံ၌ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်(အမျိုးသား)၊ (အမျိုးသမီး)ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

### အတီးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဓာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပညာရှင်အဆင့်(အမျိုးသား)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ဦးလှိုင်မင်းနှင့်အဖွဲ့၊ မကွေးတိုင်းမှ ဦးအောင်လွင်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးဗိုလ်ဟိန်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးစိန်မင်းနိုင်နှင့်အဖွဲ့၊ မွန်ပြည်နယ်မှ စိန်ငွေးဝင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးကောင်းသန့်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ စိန်ရူဝံနှင့်အဖွဲ့၊ ပဲခူးတိုင်းမှ ဦးမြတ်ဇင်အောင်(ခ)မြအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးအောင်ဗိုလ်မင်းနှင့်အဖွဲ့တို့ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် ညနေ၄နာရီတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ဘိုရှိုင်း(ခ)ထက်ထက်ပိုင်လင်းနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မောင်လင်းထက်ထက်ဦးနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ခန့်ကျော်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ စိန်ပေါက်တူးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သိန်းထွန်းဦးနှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်နေအောင်(ခ)စိန်မျက်ပြူးနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ပြိုင်ပွဲဝင်ကြသည့် ပညာရှင်အဆင့်(အမျိုးသား)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲများကို အတီးအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်လှမြိုင်နှင့်အဖွဲ့ဝင်များက ကြီးကြပ်အမှတ်ပေးကြသည်။

အောက်တိုဘာ၁၇ရက် နံနက်ပိုင်းတွင် ပညာရှင်အဆင့်(အမျိုးသား)နှင့် ပညာရှင်အဆင့်(အမျိုးသမီး)စောင်းအတီးပြိုင်ပွဲကျင်းပပြီး မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသမီး)စောင်းအတီးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသား)စောင်းအတီးပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ရာမာယဏဇာတ်တော်ကြီး ဒုတိယနေ့ဆက်လက်ယှဉ်ပြိုင် ရန်ကုန်တိုင်းကိုယ်စားပြု သီရိရာမဇာတ်အဖွဲ့တင်ဆက်

**ရန်ကုန် အောက်တိုဘာ ၁၆**

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းကိုယ်စားပြု သီရိရာမဇာတ်အဖွဲ့က ယှဉ်ပြိုင်တင်ဆက် ကပြကြသည်။

### ကြည့်ရှုအားပေး

ယှဉ်ပြိုင်တင်ဆက်ပွဲသို့ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဝင်များ၊ စာပေ၊ ဂီတ၊ သဘင်ပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို လေးစားချစ်ခင်မြတ်နိုးသောပြည်သူများ လာရောက်ကြည့်ရှု အားပေးကြသည်။

### အကဲဖြတ်အမှတ်ပေး

ယှဉ်ပြိုင်တင်ဆက်ပွဲတွင် ရန်ကုန်တိုင်းကိုယ်စားပြု သီရိရာမဇာတ်အဖွဲ့မှ ဦးခင်ရွှေ(အဏ္ဏဝါ) က ဇာတ်ညွှန်းရေးသား၍ ရာမမင်းသားအဖြစ် ဦးအောင်နိုင်(ခ) ရာမအောင်အောင်၊ လက္ခဏမင်းသားအဖြစ် ဦးသန်းထွဋ်အောင်၊ သီတာဒေဝီမင်းသမီးအဖြစ် ဒေါ်ခိုင်သဇင်သင်း(ခ) ဒေါ်မြင့်မြင့်ဝင်း၊ ဒသဂီရိအဖြစ် ဦးဇော်နိုင်၊ ဟနုမာန်အဖြစ် ဦးအောင်မြင့်နှင့် ရွှေသမင်အဖြစ် ဦးဝင်းဇော်ထွဋ်တို့က ပါဝင်သရုပ်ဆောင် ယှဉ်ပြိုင်တင်ဆက်ကြပြီး ဇာတ်သဘင် အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးချစ်ဦးညိုနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၇ရက် ည၇နာရီတွင် ဧရာဝတီတိုင်းကိုယ်စားပြု ဖျာပုံနန်းတွင်း ရာမာယဏဇာတ်တော်ကြီးအဖွဲ့က ရာမာယဏဇာတ်တော်ကြီးကို ဆက်လက်ယှဉ်ပြိုင် တင်ဆက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## ထပ်မံသတင်းရရှိ

**ရန်ကုန် အောက်တိုဘာ ၁၆**

အောက်တိုဘာ ၁၅ ရက်ထုတ် သတင်းစာများတွင် ငွေဆောင်ကမ်းခြေဟိုတယ် (စင်ထရယ်)၌ တင်ပြရှင်းလင်းခဲ့သော နဝဒေးဟိုတယ်နှင့် ခရီးသွားလုပ်ငန်း လီမိတက်၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူမှာ ဗိုလ်မှူးကြီးမောင်သောင်း (အငြိမ်းစား) ဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။ **(သတင်းစဉ်)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားဘောလုံးပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းဗိုလ်လုပွဲတက်

**ရန်ကုန် အောက်တိုဘာ ၁၆**

၂၀၀၄ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသည်။

ဒုတိယအကြိုဗိုလ်လုပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အောက်တိုဘာ ၁၈ ရက်တွင် တတိယနေရာလုပွဲအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲကို အောက်တိုဘာ ၂၀ ရက် ညနေ ၃နာရီတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းတို့ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

**(သတင်းစဉ်)**



## ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ပန်တျာကျောင်း) | (ကမ္ဘောဇဓာတ်ရုံ) | (ပဒုမ္မာဓာတ်ရုံ) |
|---|---|---|---|---|---|---|
| စဉ် | ရက်စွဲ | အဆို | အက/ဇာတ်သဘင် | အရေး | အတီး | အတီး |
| ၄။ | ၁၇–၁၀–၂၀၀၄<br>(တနင်္ဂနွေနေ့) | **ဓမ္မပူဇာတေး**(နံနက်)<br>(၁) ဝါသနာရှင်(မ)<br>**ခေတ်ဟောင်း/ကာလပေါ်**<br>(နေ့လယ်)<br>(၂) အဆင့်မြင့်(ကျား) | **အမျိုးသမီးအက**(နံနက်)<br>(၁) အဆင့်မြင့်<br>**အမျိုးသားအက**<br>(နေ့လယ်)<br>(၂) အခြေခံ(၁၅–၂၀)<br>**ရာမာယဏဇာတ်တော်ကြီး**<br>(ညပိုင်း) ဧရာဝတီတိုင်း ဖျာပုံနန်းတွင်းရာမာယဏဇာတ်တော်ကြီးအဖွဲ့ | **အရေးပြိုင်ပွဲဝင်များ သီချင်းလေ့ကျင့်ခြင်း**<br>(၁) အခြေခံ(၅–၁၀)<br>(၂) အဆင့်မြင့် | **ပတ္တလား**<br>(၁) အခြေခံ(၅–၁၀) (ကျား)(နံနက်)<br>(၂) အခြေခံ(၅–၁၀) (မ)(နေ့လယ်) | **စောင်း**<br>(၁) ပညာရှင်(ကျား+မ) (နံနက်)<br>(၂) အခြေခံ(၁၅–၂၀) (မ)(နေ့လယ်)<br>(၃) အခြေခံ(၁၀–၁၅) (ကျား)(နေ့လယ်) |
| ၅။ | ၁၈–၁၀–၂၀၀၄<br>(တနင်္လာနေ့) | **မဟာဂီတ**(နံနက်)<br>(၁) အဆင့်မြင့်(မ)<br>**မဟာဂီတ**(နေ့လယ်)<br>(၂) အခြေခံ(၅–၁၀) (ကျား) | **အမျိုးသားအက**(နံနက်)<br>(၁) ပညာရှင်<br>**အမျိုးသမီးအက**<br>(နေ့လယ်)<br>(၂) အခြေခံ(၁၅–၂၀)<br>**ရာမာယဏဇာတ်တော်ကြီး**<br>(ညပိုင်း) | **အရေးပြိုင်ပွဲဝင်များ သီချင်းလေ့ကျင့်ခြင်း**<br>(၁) ပညာရှင် | **ဂီတာ**<br>(၁) ပညာရှင်(ကျား+မ) (နံနက်)<br>(၂) အဆင့်မြင့် (ကျား+မ)(နံနက်)<br>(၃) အခြေခံ(၁၀–၁၅) (ကျား+မ)(နေ့လယ်)<br>(၄) အခြေခံ(၁၅–၂၀) (ကျား+မ)(နေ့လယ်) | **နှဲ**<br>(၁) ပညာရှင်(နံနက်)<br>(၂) အခြေခံ(၁၀–၁၅) (နေ့လယ်)<br>(၃) အခြေခံ(၅–၁၀) (နေ့လယ်) |

*စာမျက်နှာ ၅ မှ*

မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံဖွင့်လှစ်ခြင်းအားဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိပြီး နယ်မြေဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပြုသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ နိုင်ငံတော်က ပြည်နယ်၊ တိုင်း၊ နယ်စပ်ဒေသမကျန် စက်မှုလုပ်ငန်းများ၊ Media လုပ်ငန်းများကို ဖြန့်ကြက်ဆောင်ရွက်လျက်ရှိပြီး ဆက်သွယ်ရေးလွယ်ကူရေး၊ Media လုပ်ငန်းများကျယ်ပြန့်ရေးနှင့် စက်မှုအလုပ်ရုံများတည်ဆောက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လျက်ရှိကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ TPH ကုမ္ပဏီလီမိတက်မှ မှာယူတင်သွင်းသော လေးယူနစ် စက်နှစ်လုံးကို လာရောက်တပ်ဆင်ပေးကြသည့် အိန္ဒိယအင်ဂျင်နီယာများအား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုသစ်သီးခြင်းကို ဖွင့်ပွဲလက်ဆောင်အဖြစ်ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### စတင်လည်ပတ်

အဆိုပါ လေးယူနစ် ပတ်လည်စက်နှစ်လုံးကို အိန္ဒိယနိုင်ငံ The Printers House Pte.,Ltd.မှ မှာယူတင်သွင်းခဲ့ရာ မန္တလေးမြို့သို့ ၂၀၀၄ခုနှစ် ဩဂုတ်၂၃ရက်တွင် ရောက်ရှိခဲ့ပြီး မန္တလေးမြို့ရှိ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံတွင် တပ်ဆင်၍ ၂၀၀၄ခုနှစ် စက်တင်ဘာ၂၃ရက်တွင် စတင်လည်ပတ်နိုင်ခဲ့သည်။

အဆိုပါလေးယူနစ်ပတ်လည်စက်များသည် ၂၂ ၃/၄ လက်မ x ၂၈ ၁/၄ လက်မ၊ ၂၂ ၃/၄ လက်မ x လက်မ၃၀၊ ၂၂ ၃/၄ လက်မ x ၃၄ လက်မ အရွယ်အစား စက္ကူများကို အသုံးပြုပြီး တစ်နာရီလျှင် ရိုက်ချက်သုံးသောင်းရိုက်နိုင်ပြီး အထက်မြန်မာပြည်အတွက် ကျောင်းသုံးဖတ်စာအုပ် ပုံနှိပ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်မည်ဖြစ်သည့်အပြင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြင်ပလုပ်ငန်းများ၏ ပုံနှိပ်လုပ်ငန်းများကိုပါ လက်ခံဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**





**သဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော သဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ယာဉ်များအဖြစ်ပြောင်းလဲရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)**

**✻ *ကျောဖုံးမှ***

သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲသုံးစွဲရေးအတွက် လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ဆောင်ရွက်နိုင်ရန် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်း တာဝန်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ရပ်လုံး၌ ဓာတ်ဆီ၊ ဒီဇယ်ဆီ မော်တော်ယာဉ် မျိုးစုံ ၂ ဒသမ ၆ သိန်းကျော်ရှိပြီး ရန်ကုန်မြို့တော် တစ်ခုတည်းမှာပင် စီးရေ ၁ ဒသမ ၅ သိန်းခန့် ရှိနေကြောင်း။

မိမိတို့နိုင်ငံ၌ ယခင်ကဓာတ်ဆီ အင်ဂျင်သုံး မော်တော်ယာဉ်အစီး၅၈၀ ကျော်ကို သဘာဝဓာတ်ငွေ့သုံးအဖြစ် ပြောင်းလဲသုံးစွဲခဲ့ပြီးဖြစ်သကဲ့သို့ လောလောဆယ်၌ မန္တလေးတိုင်း ပလိပ်ဒေသ၌ ဓာတ်ဆီသုံးမော်တော်ယာဉ် အစီး၂၀၀ကို အောင်မြင်စွာပြောင်းလဲသုံးစွဲစေခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအချက်မှာ သဘာဝဓာတ်ငွေ့(CNG)ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ မော်တော်ယာဉ်များ၌ သုံးစွဲနိုင်သည်ဆိုသည့် ကိုယ်ပိုင်ခိုင်မာသည့် အတွေ့အကြုံပင်ဖြစ်ကြောင်း၊ အခြားဂျပန်၊ ထိုင်း၊ အိန္ဒိယ၊ အီတလီ၊ အာဂျင်တီးနားစသည့် နိုင်ငံများ၌လည်း (CNG) အင်ဂျင်ကို အဆင့်မီမီ ပြောင်းလဲသုံးစွဲနေကြကြောင်း။

**အကောင်အထည်ဖော်**

ကမ္ဘာ့ရေနံဈေးကွက်တွင် ရေနံစိမ်း၊ ဓာတ်ဆီ၊ ဒီဇယ်ဆီစသည့် လောင်စာဆီဈေးနှုန်းများ အံ့မခန်းမြင့်တက်နေချိန်တွင် မိမိတို့နိုင်ငံ၌ ကုန်းတွင်းပိုင်းမှ သဘာဝဓာတ်ငွေ့ကိုပင် အခြေခံ၍ မိမိတို့၏ မော်တော်ယာဉ်အားလုံးကို ဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲသုံးစွဲနိုင်သည့် အခြေခံကောင်း အတွေ့အကြုံကောင်းရှိနေရာ လူအများသုံးစွဲသည့် ဘတ်စ်ကား၊ ထရပ်ကားများကို ဓာတ်ငွေ့သုံးမော်တော်ယာဉ်များအဖြစ် ဦးစားပေး ပြောင်းလဲသုံးစွဲရေးကို ဝိုင်းဝန်းလုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊ ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ရာ၌ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အပါအဝင် အစိုးရပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့က ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း၊ အထူးသဖြင့် ဓာတ်ဆီအင်ဂျင်ကို ကျွမ်းကျင်စွာ ပြောင်းလဲနိုင်သကဲ့သို့ ဒီဇယ်အင်ဂျင်ကို စနစ်တကျ လုံခြုံစိတ်ချစွာ တွင်တွင်ကျယ်ကျယ် ပြောင်းလဲသုံးစွဲနိုင်အောင် ကြိုးပမ်းအားထုတ်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိသည့်၊ လက်တွေ့လည်းအောင်မြင်စွာ သုံးစွဲနေပြီဖြစ်သည့်လုပ်ငန်းကို အဆင့်မီမီ သွက်သွက်လက်လက် အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

ယင်းလုပ်ငန်းအတွက် လိုအပ်သည့် CNG Kit၊ ဓာတ်ငွေ့အိုး၊ ကွန်ပရက်စာများကို အချိန်မီရရှိရေးနှင့် ဓာတ်ငွေ့ဆိုင်များ တိုးချဲ့ဖွင့်လှစ်ရေးကို လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်သကဲ့သို့ သဘာဝဓာတ်ငွေ့ပြောင်းလဲသုံးစွဲရေးကို လုပ်ကိုင်ပေးမည့် အစိုးရဌာနများနှင့် ပုဂ္ဂလိကများကလည်း အဆင့်မီမီ ကျွမ်းကျွမ်းကျင်ကျင်၊ ပိုင်ပိုင်နိုင်နိုင်၊ သွက်သွက်လက်လက် လုပ်ကိုင်နိုင်အောင် ကြိုးစားလေ့ကျင့်နေကြပြီဖြစ်ကြောင်း၊ တိကျမှု၊ သေချာမှု၊ မြန်ဆန်မှု၊ စိတ်ချရမှုအပေါ် သုံးစွဲသူများအပိုင်းက လက်ခံလာစေရမှာဖြစ်ကြောင်း။

လာမည့် နိုဝင်ဘာ၊ ဒီဇင်ဘာလမှစ၍ လူအများသုံးမော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များအဖြစ် အရေအတွက်များများ တိုးချဲ့ပြောင်းလဲပေးနိုင်ရန် ညှိနှိုင်းသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဦးစီးကော်မတီအဖွဲ့ဝင် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်က မိမိတို့ဝန်ကြီးဌာနအနေဖြင့်ဒီဇယ်ဆီသုံးအင်ဂျင်များကို CNG သုံးအင်ဂျင်များ အဖြစ်ပြောင်းလဲပေးလျက်ရှိပါကြောင်း၊ ယင်းသို့ ပြောင်းလဲရာတွင် Conventional Conversion Kit ဖြင့် မော်တော်ယာဉ်အစီး ၃၀ကိုသဘာဝဓာတ်ငွေ့ (CNG)သုံးမော်တော်ယာဉ်များအဖြစ် ပြောင်းလဲခဲ့ပြီးဖြစ်ပါကြောင်း။

**ပြောင်းလဲသုံးစွဲ**

Electronic Control Unit (ECU) Fuel Conversion Kit ကို အသုံးပြု၍ မော်တော်ယာဉ် နှစ်စီးကိုလည်းသဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ယာဉ်အဖြစ်စမ်းသပ်ပြောင်းလဲခဲ့ရာ အောင်မြင်မှုရရှိနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မော်ဒယ်နိမ့်သောအင်ဂျင်ရော၊မော်ဒယ်မြင့်သောအင်ဂျင်ကိုပါ ပြောင်းလဲသုံးစွဲနိုင်ပြီဖြစ်ကြောင်း။

သဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား လိုအပ်သည်များကိုအားပေးပံ့ပိုးကူညီမှုများ ပေးသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက 4 ဆလင်ဒါ ဒီဇယ်အင်ဂျင်၌ Electronic Control Unit (ECU) တပ်ဆင်၍ သဘာဝဓာတ်ငွေ့(CNG) သုံးအင်ဂျင်အဖြစ် စမ်းသပ်ပြောင်းလဲရာတွင် ဒီဇယ်ဆီသုံးအင်ဂျင်ကဲ့သို့ပင် ကောင်းမွန်သည့် အခြေအနေများကို ရုပ်ပုံဆလိုက်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က သဘာဝဓာတ်ငွေ့သုံး အင်ဂျင်အဖြစ် ပြောင်းလဲရာတွင် အသုံးပြုရသည့် Fuel Conversion Kit များကို ပြည်ပမှ မှာယူခဲ့မှုနှင့် မော်တော်ယာဉ်အင်ဂျင်များ၌ ပြောင်းလဲစမ်းသပ်သုံးစွဲမှု၊ Fuel Conversion Kit များတွင် ပြည်တွင်းရှိ စက်ရုံအလုပ်ရုံ



**ရှင်းလင်း တင်ပြ**

**အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ်များအဖြစ်ပြောင်းလဲ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

များက ထုတ်လုပ်နိုင်သည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၁)မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံအထွေထွေမန်နေဂျာ ဦးလှိုင်သိန်းက Electronic Control Unit (ECU) Fuel Conversion Kit သုံး မော်တော်ယာဉ်နှစ်စီး စမ်းသပ်တပ်ဆင်မှု အခြေအနေနှင့် ဌာနဆိုင်ရာ တီအီးမော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံးယာဉ်များအဖြစ် ပြောင်းလဲရေး ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**အရောင်းဆိုင်တည်ဆောက်နေ**

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး(ကမ်းလွန်) ဦးမြင့်ဌေးက စွမ်းအင်ဝန်ကြီးဌာနက သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲပေးနေမှု အခြေအနေများ၊ ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင် ငါးဆိုင် တိုးချဲ့ တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ယခုနှစ် စက်တင်ဘာ ၄ရက်တွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပလိပ်၌ သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဖွင့်လှစ်ခဲ့မှု၊ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် အစီး ၂၀၀ ပြောင်းလဲပေးနိုင်ခဲ့မှုကြောင့် စက်သုံးဆီချွေတာနိုင်မှု အခြေအနေများ၊ ရန်ကုန်တိုင်းအတွင်း ခရီးသည်တင်နှင့် ကုန်တင်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံးယာဉ်များအဖြစ် ပြောင်းလဲရာတွင် သဘာဝဓာတ်ငွေ့ကို လွယ်ကူစွာ ထည့်နိုင်ရန် သဘာဝဓာတ်ငွေ့အရောင်းဆိုင် ငါးဆိုင် တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အင်ဂျင်ပိုင်းကြံ့ခိုင်ရန်လို**

ထို့နောက် ပုဂ္ဂလိက လုပ်ငန်းရှင်များက သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲရာတွင် တွေ့ကြုံရမည့် နည်းပညာဆိုင်ရာအခြေအနေများ၊ ပြောင်းလဲမည့် မော်တော်ယာဉ်များ၏ အင်ဂျင်ပိုင်း ကြံ့ခိုင်မှုရှိရန် လိုအပ်ပုံများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ပုံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုစစ်ဆေး**

အစည်းအဝေးအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် ဒုတိယဝန်ကြီးများ၊ အဖွဲ့ဝင်များသည် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံသို့ သွားရောက်ကြပြီး ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များက သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား လုပ်ငန်းရှင်များက အင်ဂျင်ပိုင်းပြုပြင်ထားမှုများ၊ Electronic Control Unit ထားမည့်နေရာ စနစ်တကျပြင်ဆင်ထားရှိမှုများ၊ ဓာတ်ငွေ့ဆလင်ဒါအိုးများကို ဘေးအန္တရာယ်ကင်းရှင်းလုံခြုံအောင်၊ အမြင်ကောင်းအောင် ထားရှိမှုများကို ရှင်းလင်းပြသကြသည်။

**မှာကြား**

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးမှ တီအီးမော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲထားမှုများကို ကြည့်ရှုစစ်ဆေးကြပြီးအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြားသည်။

**(သတင်းစဉ်)**


## စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

✻ မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။

✻ သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။

✻ ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။

✻ သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။

✻ အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

# ကမ္ဘာ့လူသားအားလုံး ငတ်မွတ်ခေါင်းပါးမှု ဆင်းရဲမွဲတေမှုမှကင်းဝေးပြီး စားနပ်ရိက္ခာဖူလုံပြည့်စုံရေး လူတန်းစားမခွဲခြားဘဲ စားနပ်ရိက္ခာဖူလုံဖို့ ဇီဝမျိုးစုံထိန်းသိမ်းစို့ဆောင်ပုဒ်ကို လက်တွေ့ဖော်ဆောင်

*  ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ၂၀၀၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကျင်းပရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဆုရမြို့နယ်များမှ ကိုယ်စားလှယ်များ၊ ဆုရပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ၂၀၀၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု (ထူးချွန်မြို့နယ်ဆုရ) ကျိုက်လတ်မြို့နယ် (ဧရာဝတီတိုင်း) အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကို စတင်ထူထောင်ခဲ့သည့် အောက်တိုဘာ ၁၆ ရက်နေ့ရောက်တိုင်း ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပလေ့ရှိကြောင်း၊ ယနေ့ဆိုလျှင် ကမ္ဘာ့အနှံ့အပြားၡ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို **'စားနပ်ရိက္ခာဖူလုံဖို့ ဇီဝမျိုးစုံ ထိန်းသိမ်းစို့'** ဆိုသည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ဆောင်ပုဒ်ဖြင့် အထိမ်းအမှတ်အခမ်းအနားများကျင်းပလျက်ရှိကြောင်း၊ ဆောင်ပုဒ်၏ရည်မှန်းချက်သည် လူသားများအနေဖြင့် ကျန်းမာပျော်ရွှင်သော လူနေမှုဘဝရရှိစေရန် အရည်အသွေးမြင့်မားသည့် အစားအစာများ ရေရှည်လုံလောက်စွာ ရရှိစေရေးတွင် ဇီဝမျိုးစုံကွဲပြားမှု၏ အရေးပါပုံကို ဖော်ကျူးရန်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ငတ်မွတ်ခေါင်းပါးခြင်း ကင်းဝေးရေးနှင့် စားနပ်ရိက္ခာလောက်ငလုံခြုံမှုတို့သည် လူသားများအားလုံး၏ အခြေခံအကျဆုံး လူ့အခွင့်အရေးများတွင် ပါဝင်သည်ဟု ခံယူထားကြောင်း၊ ကမ္ဘာ့ပြည်သူများအကြားတွင် ယင်းကဲ့သို့ အခွင့်အရေး မျှတစွာရရှိရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံက သန္နိဋ္ဌာန်ချမှတ်ထားပြီးလည်း ဖြစ်ကြောင်း။

## အတည်ပြုပြောကြား

သို့ရာတွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အစီရင်ခံစာတစ်ခုအရ ကမ္ဘာ့အနှံ့အပြားမှာရှိသည့် လူဦးရေ သန်း ၈၄၀ မျှသည် ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှုကို ခံစားနေရဆဲဖြစ်သည်ကို တွေ့ရကြောင်း၊ ကမ္ဘာနှင့်အဝန်းကြိုးပမ်းမှုများသည် ကမ္ဘာ့စားနပ်ရိက္ခာထိပ်သီးညီလာခံနှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးများ၏ **'၂၀၁၅ ခုနှစ်မှာ ငတ်မွတ်သူဦးရေ ထက်ဝက်ကျဆင်းရေး'** ဆိုသည့် ရည်မှန်းချက်ပန်းတိုင်နှင့် အလှမ်းဝေးနေဆဲအခြေအနေမှာရှိနေတာ တွေ့ရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတစ်နိုင်ငံတည်းပဲဖြစ်စေ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတော့ပဲဖြစ်စေ ယင်းပန်းတိုင်ကို အရောက်သွားမည်ဟု ဆုံးဖြတ်ချက်ချမှတ်ထားပြီးဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ပူးပေါင်းပြီး ငတ်မွတ်ခေါင်းပါးမှု ပပျောက်ရေးနှင့် စားနပ်ရိက္ခာလုံလောက်ရေးအတွက် အစီအမံများဆောင်ရွက်ထားပြီးဖြစ်သည့်အကြောင်း အတည်ပြုပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသော အမျိုးသားစီးပွားရေးပန်းတိုင်များကို အကောင်အထည်ဖော်ရန် အပတ်တကုတ်ကြိုးစားလျက်ရှိရာ ဆီလျော်အပ်စပ်သည့် မဟာဗျူဟာများချမှတ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍများဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးခြင်းနှင့် ကျေးရွာဒေသဘက်စုံဖွံ့ဖြိုးရေးအတွက် စီမံခြင်းများကို ပြုလုပ်ခဲ့ကြောင်း၊ ၅၃ သန်းသော မြန်မာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ၎င်းတို့၏ဘဝ ရပ်တည်ရှင်သန်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး သို့မဟုတ် သစ်တောကဏ္ဍတစ်ခုခုကို မှီခိုအားထားနေရခြင်းကြောင့် ယင်းကဏ္ဍများ၏ စွမ်းဆောင်မှုနှင့် ထုတ်လုပ်မှုတိုးတက်မြင့်မားစေရန် အစိုးရက ဦးစားပေးနိုင်ခဲ့သည့်အတွက် စားနပ်ရိက္ခာလုံခြုံရေးနှင့် စီးပွားဖွံ့ဖြိုးရေးကို အကျိုးပြုနိုင်ခဲ့ကြောင်း။

## မြေရိုင်းဧကေါသန်းကျော်

မြန်မာနိုင်ငံတွင် သီးနှံစိုက်ဧရိယာ စုစုပေါင်း ဧက ၄၁ ဒသမ ၃၂ သန်းရှိကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံရေး နှင့် ပြည်ပဈေးကွက်ဖြည့်ဆည်းနိုင်ရန် ဆန်စပါးထုတ်လုပ်မှုကို အစွမ်းကုန် ကြိုးစားလျက်လည်းရှိကြောင်း၊ နွေစပါးအစီအစဉ်စတင်ခဲ့သည့် ၁၉၉၂-၉၃ ခုနှစ်မှစပြီး ယခုအချိန်အထိ ဆန်စပါးကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိနေပြီလည်းဖြစ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် လိုအပ်သည့်ရေကို ပိုမိုသုံးစွဲနိုင်ရန် ရေပေးဝေမှုစီမံကိန်းအမျိုးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၈၈-၈၉ ခုနှစ်ကစပြီး ယနေ့အထိ ဆည်နှင့် ရေထိန်းတံခါးပေါင်း ၁၆၄ ခုနှင့် မြစ်ရေတင်စခန်းပေါင်း ၂၆၅ ခုကို တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ စိုက်ပျိုးရေ ပိုမိုရရှိရန် စနစ်တကျ စီမံသည့်အတွက် မြေလွတ်မြေရိုင်းဧက ငါးသန်းကျော်ကို ပြန်လည်စိုက်ပျိုးလုပ်ကိုင်နိုင်နေပြီဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၏ အဓိကရည်မှန်းချက်သည် ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပဈေးကွက်ကို ဖြည့်ဆည်းနိုင်ရန်ဖြစ်ကြောင်း၊ မိမိတို့၏ ကြိုးစားမှုများကြောင့် အောင်မြင်မှုများ ထိုက်တန်စွာ ရရှိခဲ့ကြောင်း၊ မိမိတို့၏ ဆန်စပါးထုတ်လုပ်မှုသည် သိသာစွာ တိုးတက်မှုလည်းရှိခဲ့ကြောင်း၊ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာလုံခြုံရေးအတွက် မိမိတို့၏ သဘာဝ သယံဇာတများကို အစွမ်းကုန် အသုံးပြုခြင်း၊ အဆင့်မြင့်အထွက်တိုးမျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးခြင်း၊ မိရိုးဖလာစိုက်ပျိုးရေးမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းခြင်း စသည်များကို မိမိတို့ အစွမ်းကုန် ဆောင်ရွက်သွားမည်ဟု ရည်မှန်းချက် ချမှတ်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်လည်း ရှိကြောင်း၊ မိမိတို့၏ စိုက်ပျိုးရေးသုတေသန ပညာရှင်များအနေဖြင့်လည်း အထွက်တိုး မျိုးစပ်စပါးမျိုးများရရှိရေး အစွမ်းကုန် ကြိုးစားအားထုတ်ရန် အားပေးလျက်ရှိသကဲ့သို့ သုတေသနပညာရှင်များအပိုင်းကလည်း ကြိုးပမ်းလျက်ရှိနေကြသည်ကို တွေ့ရကြောင်း။

## ကာကွယ်ဆေးထုတ်လုပ်

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသော မွေးမြူရေးကဏ္ဍကိုပါ တစ်ဖက်က အားပေးလျက်ရှိသည်နှင့်အညီ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့သည့် အစီအမံများကြောင့် အသားထုတ်လုပ်မှုသည် သိသာစွာ တိုးတက်လာခဲ့ကြောင်း၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေ တိုးတက်ရရှိရေးနှင့် သမားရိုးကျ စိုက်ပျိုးရေးတို့အတွက် မွေးမြူရေးသည် အရေးကြီးသည့် အခန်းကဏ္ဍကနေ ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် တိရစ္ဆာန်မွေးမြူရေးကဏ္ဍကို မိမိတို့ ဦးစားပေးဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း၊ IAEA ၏ပံ့ပိုးမှုဖြင့် ကျွဲနွားတိရစ္ဆာန် မျိုးပွားမှုနှုန်းမြင့်မားတိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက်လည်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အပါအဝင် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အသားကဏ္ဍ ဖွံ့ဖြိုးမှုကို ထိခိုက်စေသော ခွာနာ၊ လျှာနာ စသည့် ရောဂါအမျိုးမျိုး တိုက်ဖျက်ရေးလုပ်ငန်းများဆိုရင်လည်း UNDP၊ FAO တို့နှင့် ပူးပေါင်းဆောင်ရွက်ပြီး ကာကွယ်ဆေးထုတ်လုပ်ရေး လုပ်ငန်းဆိုင်ရာ ဓာတ်ခွဲခန်းများကိုပါ ထူထောင်ခဲ့ရကြောင်း။

ငါးလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးတွင် အဓိကကျသော အခန်းကဏ္ဍ၌ ပါဝင်နေသည့်အတွက် ယင်းကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရန် နိုင်ငံတော်အစိုးရက စနစ်တကျအားထုတ် စီမံလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းသည် ၂၈၃၂ ကီလိုမီတာရှည်လျားပြီး ပင်လယ် သယံဇာတလည်း ပေါကြွယ်ဝခြင်းကြောင့် နိုင်ငံတော်အတွက် စီးပွားရေးအခြေခံကောင်းများ သဘာဝအလျောက်ရှိနေသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးစေရေးအတွက် အပြည်ပြည်ဆိုင်ရာ စည်းကမ်းနည်းလမ်းများနှင့်အညီ ငါး၊ ပုစွန်နှင့် အခြားရေထွက်ပစ္စည်းများ ထုတ်ယူရေး၊အဆင့်မြင့်အမျိုးအစားများကို ကျယ်ပြန့်စွာမွေးမြူနိုင်ရေး၊ အဆင့်မြင့်နည်းနာသစ်များ အသုံးချရေး၊ ငါးလုပ်ငန်းထုတ်လုပ်မှု တိုးမြှင့်ရေး၊ ပြည်ပတင်ပို့မှု တိုးမြှင့်ရေး၊ ငါးလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေး၊ ငါး၊ ပုစွန်မွေးမြူရေးစီမံကိန်းများတိုးချဲ့ရေးနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များ၏ ဝင်ငွေတိုးတက်ရေး စသည့် မူဝါဒများချမှတ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လောလောဆယ်တွင် မြန်မာနိုင်ငံသည် ရေထွက်ပစ္စည်းများကို နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း။

## အဓိကကျ

သစ်တောလုပ်ငန်းကဏ္ဍနှင့်စပ်လျဉ်း၍လည်း အကျဉ်းချုံးဖော်ပြလိုကြောင်း၊ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံအပြင် သစ်တောအပါအဝင် သဘာဝသယံဇာတများ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ၏ ထက်ဝက်ကျော်သည် သစ်တောများ ဖုံးလွှမ်းနေသည့်အတွက် အာရှနှင့်ပစိဖိတ်ဒေသရှိ သစ်တောဖုံးလွှမ်းမှု အများဆုံးနိုင်ငံများတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ကြောင်း၊ နိုင်ငံတော် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်သည့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းသည် သစ်တော၊ သစ်တောထွက်ပစ္စည်းများနှင့် အနည်းနဲ့အများဆိုသလို ဆက်စပ်လျက်ရှိကြောင်း၊ထို့ကြောင့် သစ်တောကဏ္ဍသည် ပြည်သူများ၏လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် အဓိကကျသော ကဏ္ဍ၌ ပါဝင်သည်ဟု ဆိုခြင်းဖြစ်ကြောင်း။

ယင်းအဖိုးတန်သစ်တောများကို မြန်မာ့ရွေးချယ်ခုတ်လှဲနည်းစနစ်နှင့် နှစ်ပေါင်း ၁၅၀ ခန့် သိပ္ပံနည်းကျ စီမံဆောင်ရွက်ခဲ့သည့်အတွက် ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားခဲ့ကြောင်း၊ ၁၉၉၂ ခုနှစ် မြန်မာ့သစ်တောဥပဒေတွင် သစ်တောကာကွယ်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများထိန်းသိမ်းကာကွယ်ခြင်း၊ ကြိုးဝိုင်းတောများ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် သဘာဝနယ်မြေများထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် မီးမောင်းထိုးပြထားကြောင်း။

**"၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ ကာကွယ်ရေးနဲ့ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ"** သည် မျိုးသုဉ်းရန်အလားအလာရှိပြီး ရှားပါးသည့် ဒေသရင်း အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို ကာကွယ်ခြင်း၊ ပြန်လည်တိုးပွားစေခြင်းနှင့် ယင်းတို့ နေထိုင်ကျက်စားရာ နေရာဒေသများကို ထိန်းသိမ်းပေးခြင်း စသည်ဖြင့် ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို သဟဇာတဖြစ်စေရန်အတွက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း။

## သစ်တောပြုန်းတီးမှု

မြန်မာ့သစ်တောများအထဲတွင် လောလောဆယ် ဧကသန်းပေါင်း ၃၇ ဒသမ ၄၁ ကို ကြိုးဝိုင်းသစ်တောများအဖြစ်၊ ဧကသန်းပေါင်း ၅ ဒသမ ၈၃ ကို ကာကွယ်ထားသောဧရိယာများအဖြစ် သတ်မှတ်ထားကြောင်း၊ စိုက်ပျိုးမြေဧရိယာတိုးချဲ့လာခြင်း၊ ရွှေ့ပြောင်းတောင်ယာကျင့်သုံး စိုက်ပျိုးခြင်း၊ မြို့နယ်များကျယ်ပြန့်ကြီးထွားလာခြင်းနှင့် အိမ်ထောင်စုများ၏ ထင်းလိုအပ်ချက် တိုးလာခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံတွင် တောပြုန်းတီးမှုဧက ၃၇၀၅၀ ခန့်ရှိလာပြီဖြစ်ကြောင်း၊ သို့ရာတွင် သစ်တောဦးစီးဌာနက စိုက်ပျိုးခင်းများကို နှစ်စဉ် ဧက ၇၄၁၃၀ နှုန်းဖြင့် ထူထောင်နေသည့်အတွက် သစ်တောပြုန်းတီးမှုကို ပြန်လည်ဟန်ချက်ညီစေနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။




**ကုလသမဂ္ဂ စားနပ် ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping က ၂၀၀၄ ခုနှစ် ကမ္ဘာ့ စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခမ်းအနားတွင် မြေပဲ စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်တောင်သူဆုရ) ဦးသိန်းနိုင် (ကျိုက္ကသာကျေးရွာအုပ်စု ကျိုက်ထိုမြို့နယ် မွန်ပြည်နယ်)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**

ပဲခူးရိုးမ သစ်တောထိန်းသိမ်းရေးနှင့် ပြန်လည်ရှင်သန်စေရေးအတွက် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး (၂၀၀၄-၀၅ မှ ၂၀၀၈-၀၉ အထိ) ငါးနှစ်စီမံကိန်းကို ချမှတ်ပြီး နိုင်ငံတော်၏ ဦးစားပေးစီမံချက်တစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းအရ ပျိုးပင်မျိုးစုံ စုစုပေါင်းဧက ၂၀၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း။

## ပူးပေါင်းလက်တွဲ

မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင် ရေရှားဇုန်တွင် သဘာဝပတ်ဝန်းကျင်ပျက်သုဉ်းမှုကို ကာကွယ်ရန်အတွက် (၂၀၀၁-၀၂ မှ ၂၀၃၀-၃၁အထိ)နှစ် ၃၀ စီမံကိန်းကို ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ ၁၉၉၄ ခုနှစ်မှ စတင်ပြီး စိုက်ခင်းဧက ၂၆၉၂၃၀ စိုက်ပျိုးပြီး ဖြစ်ခြင်းကြောင့် သဘာဝသစ်တော ဧက ၁ ဒသမ ၁ သန်းကို စနစ်တကျ အကာအကွယ်ပေးထားပြီးလည်းဖြစ်ကြောင်း၊ ယင်းဆောင်ရွက်ချက်များကြောင့် အဆိုပါဒေသ၏ ရာသီဥတုအခြေအနေများ ပြောင်းလဲလာပြီး ဒေသခံပြည်သူများအနေဖြင့်လည်း သီးနှံများ စိုက်ပျိုးလာနိုင်ကြပြီ ဖြစ်ကြောင်း၊ ၁၉၉၄ ခုနှစ်က စတင်ခဲ့သည့် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး စီမံကိန်းသည် ယခုဆိုလျှင် ၁၃ ခရိုင်အထိ တိုးချဲ့ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် ယခင်ကပူပြင်းခြောက်သွေ့ခဲ့သည့်ဒေသများသည် စိမ်းလန်းစိုပြည်



## ပြခန်းများ ကြည့်ရှု

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုစဉ်။**

**(သတင်းစဉ်)**

နေပြီဖြစ်တာ တွေ့ရကြောင်း၊ ထို့အပြင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၀၂ ခုနှစ်ကစတင်ပြီး နိုင်ငံတော်၏ လူဦးရေအများစုကြီး နေထိုင်အသက်မွေးဝမ်းကျောင်းပြုသည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းစဉ်ကြီးငါးရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးရေးအပြင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပါအဝင် ကျေးလက်ဒေသ စီးပွားရေးတိုးတက်ဖြစ်ထွန်းရေး၊ စိုက်ပျိုးရန်လိုအပ်သည့် ရေနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် သောက်သုံးရေရရှိရေး လုပ်ငန်းများကိုပါ ထည့်သွင်းပြီး စနစ်တကျ စီမံချက်များချမှတ်ကာ အစိုးရဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းလက်တွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် မြန်မာနိုင်ငံသည် ဇီဝမျိုးစုံ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းနှင့် မျိုးဆက်ပျက်သုန်းလုဆဲ အမျိုးအစားများကို ပြန်လည်ပွားများ တိုးတက်စေရန် အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ထာဝရ ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုနှင့် သဘာဝသယံဇာတများကို ကာကွယ်ထိန်းသိမ်းထားရန် အလေးအနက် ခံယူထားသည့်အတွက် ၁၉၉၄ ခုနှစ်တွင်ကျင်းပသည့် ကုလသမဂ္ဂ ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာညီလာခံ၊ ၁၉၉၄ ခုနှစ်တွင် ကျင်းပသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံနှင့် ၁၉၉၇ ခုနှစ်တွင် ကျင်းပသည့် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာညီလာခံများတွင် စိတ်ဝင်စားစွာ ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ထိုအကျိုးဆက်ကြောင့် မြန်မာနိုင်ငံမြောက်ဖျား ဟူးကောင်းဒေသကို မျိုးဆက်ပြုန်းတော့မည့် ကျားသတ္တဝါများအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းမှုသည် ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုတို့ကိုတိုက်ခိုက်ရာတွင် မဟာမိတ်သဖွယ်ဖြစ်နေပြီး လက်ရှိနှင့် အနာဂတ်ကမ္ဘာ့ပြည်သူများကို ဝဝလင်လင် ကျွေးမွေးနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံအားလုံး လက်တွဲပြီး **'စားနပ်ရိက္ခာဖူလုံဖို့ ဇီဝမျိုးစုံထိန်းသိမ်းစို့'** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တက်ညီလက်ညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

### လက်တွေ့အကောင်အထည်ဖော်

ထို့ကြောင့် ကမ္ဘာ့လူသားအားလုံးသည် ငတ်မွတ်ခေါင်းပါးမှု၊ ဆင်းရဲမွဲတေမှု အနိဋ္ဌာရုံတရားများမှကင်းဝေးပြီး စားနပ်ရိက္ခာပြည့်စုံဖူလုံသည့် ညီညွတ်မျှတသော ကမ္ဘာကြီးဖြစ်လာအောင် ကမ္ဘာသူ ကမ္ဘာသားအားလုံးက လူတန်းစား မခွဲခြားဘဲ တန်းတူရည်တူစိတ်ထားဖြင့် ကြိုးပမ်းရင်း **'စားနပ်ရိက္ခာဖူလုံဖို့ ဇီဝမျိုးစုံထိန်းသိမ်းစို့'** ဆိုသည့် ကုလသမဂ္ဂ၏ဆောင်ပုဒ်ကို လက်တွေ့အကောင်အထည်ဖော်ကြပါစို့ဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr.Jacques Diouf ၏သဝဏ်လွှာကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Tang Zhengping က ဖတ်ကြားပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တက်ရောက်လာကြသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများအား ချစ်ကြည်ရင်းနှီးစွာ နှုတ်ဆက်သည်။

### ပြကွင်းပြကွက်များကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံခန်းမ၌ ၂၀၀၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်အဖြစ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (F.A.O)၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ခင်းကျင်းပြသထားသော ပြကွင်းပြကွက်များကို ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားကို ပြန်လည်ကျင်းပရာ ၂၀၀၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ဗီဒီယိုပြသသည်။

### ဆုများပေးအပ်

ယင်းနောက် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများအတွက် ထူးချွန်ဆုများ နှင့် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲများအတွက် ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ်နှင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာအုပ်စုမှ ဦးမြသောင်းတို့အားလည်းကောင်း၊ နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ်နှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ ဧရာဝတီတိုင်း ရေကြည်မြို့နယ် မယင်းကူး ကျေးရွာအုပ်စုမှ ဦးမြင့်သိန်းတို့အားလည်းကောင်း၊ လက်ဖက်သီးနှံစိုက်ပျိုးမှု ထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရေချိုငါးမွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရ ရန်ကုန်တိုင်း ခရမ်းမြို့နယ် လွင်ဖြိုးမွေးမြူရေးလုပ်ငန်းမှ ဦးဇော်လင်း၊ လှောင်အိမ်ဖြင့် ရေချိုငါးမွေးမြူမှု ထူးချွန်ဆုရ ယုဇနကုမ္ပဏီမှ ဦးဌေးမြင့်၊ ရေချိုငါးသားပေါက်ထုတ်လုပ်မှု ထူးချွန်ဆုရ ရန်ကုန်တိုင်း ခရမ်းမြို့နယ် ဧရာဝတီသား ခေတ်မီသားပေါက်စခန်းမှ ဦးဝင်းကြိုင်၊ ရေငန်ငါးမွေးမြူထုတ်လုပ်မှုထူးချွန်ဆုရ တနင်္သာရီတိုင်း မြိတ်မြို့နယ် ပြည့်ဖြိုးထွန်းကုမ္ပဏီမှ ဦးလှသန်းနှင့် ရေငန်ငါးဖမ်းဆီးထုတ်လုပ်မှု ထူးချွန်ဆုရ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဦးသက်လွင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အကောင်းဆုံးသီးနှံ သစ်တောရောနှောစိုက်ခင်း(ကျွန်းအထူး) ထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရရှိသူများဖြစ်ကြသည့် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် စပါယ်နံ့သာကြိုးဝိုင်းမှ ဦးဝေ၊ပဲခူးတိုင်း(အရှေ့) တလိုင်းမကြိုးဝိုင်းမှ ဦးသိန်းထွန်းနှင့် ပဲခူးတိုင်း(အနောက်)တောင်နဝင်းကြိုးဝိုင်းမှ ဦးနိုင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

### ထူးချွန်ဆုပေး

ယင်းနောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Mr. Tang Zhengping က လက်ဖက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ဇယန်းကြီးကျေးရွာအုပ်စုမှ ဦးကျော်ထွန်း၊ မြေပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ မကွေးတိုင်း အောင်လံမြို့နယ်၊ မြေပဲစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာအုပ်စုမှ ဦးသိန်းနိုင်၊ ကုန်းတွင်းပိုင်းဒေသတွင် ရေငန်ကျားပုစွန်သားပေါက်အောင်မြင်စွာ မွေးမြူထုတ်လုပ်မှုထူးချွန်ဆုရ ဝင်းနားဘရားသားကုမ္ပဏီလီမိတက်မှ ဦးသက်အောင်နှင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ရေငန်ကျားပုစွန် အောင်မြင်စွာမွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရ ဖြိုးရာဇာကုမ္ပဏီလီမိတက်မှ ဒုတိယဗိုလ်မှူးကြီးဝင်းဆွေတို့အားလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်က နှမ်းစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်၊ နှမ်းစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အောင်လှိုင်ကျေးရွာအုပ်စုမှ ဦးကျော်ဆွေ၊ နေကြာစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်၊ နေကြာစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် တံတားကျေးရွာအုပ်စုမှ ဦးခင်အောင်၊ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ ရန်ကုန်တိုင်း သုံးခွမြို့နယ်၊ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ ပဲခူးတိုင်း(အရှေ့) ကဝမြို့နယ် အုန်းနဲ့ကျေးရွာအုပ်စုမှ ဦးစန်းအောင်၊ ပဲစင်းငုံစိုက်ပျိုး ထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ မန္တလေးတိုင်း မလှိုင်မြို့နယ်နှင့် ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရ မန္တလေးတိုင်း မလှိုင်မြို့နယ် ကျောက်တန်းကျေးရွာအုပ်စုမှ ဦးစိုးတို့အားလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းက ရေချိုပုစွန်မွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရ ဇာတိမာန်ကုမ္ပဏီမှ ဦးမြင့်စိုး၊ ရေချိုပုစွန်သားပေါက်ထုတ်လုပ်မှုထူးချွန်ဆုရ ကူးနှင့်အစိုစီရိတ်တစ်ကုမ္ပဏီလီမိတက် မှ ဦးတင်ရွှေ၊ ရေငန်ပုစွန်မွေးမြူထုတ်လုပ်မှုထူးချွန်ဆုရ ရွှေခရကုမ္ပဏီမှ ဦးကြီးစိန်၊ ရေငန်ပုစွန်သားပေါက်ထုတ်လုပ်မှုထူးချွန်ဆုရ ရန်ကုန်တိုင်း ပုလဲနဒီကုမ္ပဏီမှ ဦးသန်းဝင်းအောင်နှင့် ဈေးကွက်ဝင်ငါးအမယ်သစ်မွေးမြူမှု ထူးချွန်ဆုရ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်မှ ဦးသန်းလွင်တို့အားလည်းကောင်း အသီးသီးဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က သုတေသနထူးချွန်ဆု (စိုက်ပျိုးရေး သိပ္ပံပညာရပ်)ဆုရ ဒေါ်ခင်အေး၊ K.Irie, L.Nang Kha၊ ဒေါ်ရီရီမြင့်၊ ဒေါက်တာတင်ထွဋ်နှင့် ဦးဂျွန်ဘမော်၊ သုတေသနထူးချွန်ဆု (သစ်တောသိပ္ပံပညာရပ်)ဆုရ ဒေါက်တာမြင့်ဦးနှင့် သုတေသနထူးချွန်ဆု(မွေးမြူရေးနှင့်ရေလုပ်ငန်း သိပ္ပံပညာရပ်)ဆုရ ဦးတင်ဌေ၊ Y. Nukui, Y. Kobayashi, H. Nakatsuji, S. Kondo နှင့် M. Okubo တို့အားလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက အကောင်းဆုံး သီးနှံသစ်တောရောနှောစိုက်ခင်း (ကျွန်းအထူး)ထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရရှိကြသည့် မန္တလေးတိုင်း လယ်ဝေးမြို့နယ် မင်းပြင်ကြိုးဝိုင်းမှ ဦးဖိုးတုတ်နှင့် မကွေးတိုင်း ဆောမြို့နယ် ကျောက်စစ်ကြိုးဝိုင်းမှ ဦးကျော်လှိုင်၊ ရေချိုငါးပိထုတ်လုပ်မှု တယ်လီဖုစီမံကိန်းစွမ်းဆောင်နိုင်မှု ထူးချွန်ဆု (ကျေးရွာအဆင့်)ဆုရ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာ အဖွဲ့(၁) ခေါင်းဆောင်ဒေါ်ကြည်အောင်နှင့် ရိက္ခာထုတ်လုပ်မှုထူးချွန်ဆု(စိုက်ပျိုးရေးသိပ္ပံအဆင့်)ဆုရ ပဲခူးတိုင်း(အနောက်)သာယာဝတီမြို့ စိုက်ပျိုးရေးသိပ္ပံတို့အားလည်းကောင်း အသီးသီးဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်သန်းက စာစီစာကုံးပြိုင်ပွဲထူးချွန်ဆု (စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံအဆင့်) ပထမဆုရ မွန်ပြည်နယ် သထုံမြို့ စိုက်ပျိုးရေးသိပ္ပံမှ မောင်အောင်ဆုထွေးနှင့် ဒုတိယဆုရ ဧရာဝတီတိုင်း မြောင်းမြမြို့ စိုက်ပျိုးရေးသိပ္ပံမှ မယမင်းထွန်းတို့အားလည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်စိုးက စာစီစာကုံးပြိုင်ပွဲထူးချွန်ဆု (စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေး သိပ္ပံအဆင့်)တတိယဆုရ စစ်ကိုင်းတိုင်း ရွှေဘိုမြို့ စိုက်ပျိုးရေးသိပ္ပံမှ မောင်စန်းမြို့မောင်နှင့် ပိုစတာပြိုင်ပွဲ ထူးချွန်ဆု (စိုက်ပျိုးရေးတက္ကသိုလ်နှင့်စိုက်ပျိုးရေးသိပ္ပံအဆင့်) ပထမဆုရ ပဲခူးတိုင်း(အနောက်) သာယာဝတီမြို့ စိုက်ပျိုးရေးသိပ္ပံမှ မောင်သော်ဇင်ဦးတို့အားလည်းကောင်း၊မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ပိုစတာပြိုင်ပွဲ ထူးချွန်ဆု (စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံအဆင့်) ဒုတိယဆုရ မန္တလေးတိုင်း ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံမှ မောင်အောင်မှူးကိုနှင့် တတိယဆုရ မကွေးတိုင်း ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံမှ မောင်အောင်ဇော်မင်းတို့အားလည်းကောင်း အသီးသီးဆုများပေးအပ်ကြသည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်နှင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ ပဲခူးတိုင်း(အနောက်) မိုးညိုမြို့နယ် ညောင်လေးပင်ကျေးရွာအုပ်စုမှ ဦးရဲမြင့်တို့အားလည်းကောင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းကြည်က မတ်ပဲစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်နှင့် မတ်ပဲစိုက်ပျိုး ထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ ပဲခူးတိုင်း(အရှေ့)ညောင်လေးပင်မြို့နယ် ချောင်းကျိုးကျေးရွာအုပ်စုမှ ဦးစံမင်းတို့အားလည်းကောင်း၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသိန်းဌေးက မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုး ထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ မန္တလေးတိုင်း မြစ်သားမြို့နယ်နှင့် မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်မှ ဦးကျော်တင့်တို့အားလည်းကောင်း အသီးသီးဆုများပေးအပ်ချီးမြှင့်ကြသည်။

### သီးနှံစိုက်စွမ်းအားဆု

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက မိုးနှောင်း ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်နှင့် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်မှ ဦးကံတင်တို့အား လည်းကောင်း၊ မြန်မာ့ကြံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ကြံစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်နှင့် ကြံစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရ ပဲခူးတိုင်း (အနောက်)ပြည်မြို့နယ်မှ ဦးတင်ဝင်းတို့အားလည်းကောင်း၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဒိုးကွင်းရွာမှ ဦးကျော်စိန်နှင့် သီးနှံစိုက်စွမ်းအားထူးချွန်ဆု (ထူးချွန်ပြည်နယ်/တိုင်းဆု)ရ စစ်ကိုင်းတိုင်းတို့အားလည်းကောင်း အသီးသီးဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးကြည်ဝင်းက ရော်ဘာစိုက်ပျိုးမှုထူးချွန်ဆု(ထူးချွန်ခြံရှင်ဆု)ရ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်မှ ဦးအောင်မိုးကျော်နှင့် ဆီအုန်းစိုက်ပျိုးမှုထူးချွန်ဆုရ (ထူးချွန်ခြံရှင်ဆု)ရ တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ပိုကောင်းကုမ္ပဏီမှ ဦးအေးမောင်တို့အားလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက သီဟိုဠ်စိုက်ပျိုးမှုထူးချွန်ဆု(ထူးချွန်ခြံရှင်ဆု)ရ ဧရာဝတီတိုင်း ပုသိမ်မြို့နယ်မှ ဦးဝင်းအောင်နှင့် မက္ကဒေးမီးယားစိုက်ပျိုးမှုထူးချွန်ဆု(ထူးချွန်ခြံရှင်ဆု)ရ ရှမ်းပြည်နယ် (မြောက်ပိုင်း) အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်တို့အားလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ မွန်ပြည်နယ် ရေးမြို့နယ်နှင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ်တို့အားလည်းကောင်း အသီးသီး ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက သီဟိုဠ်စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ ဧရာဝတီတိုင်း မြောင်းမြမြို့နယ်အားလည်းကောင်း၊ ဂုန်လျှော်/ချဉ်ပေါင်လျှော်ဝယ်ယူမှု ထူးချွန်ဆု(ထူးချွန်အဝယ်စခန်းဆု)ရ ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် ဒူးယားအဝယ်စခန်းအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးရဲဘုန်းမြင့်က ဂုန်လျှော်/ချဉ်ပေါင်လျှော်စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်အားလည်းကောင်း၊ ဂုန်လျှော်/ချဉ်ပေါင် လျှော်စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်မှ ဦးမြင့်စိုးအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက ရေထွက်ပစ္စည်းပြည်ပတင်ပို့ရောင်းချမှု ထူးချွန်ဆု(ပုံမှန်ကုန်သွယ်ရေး)ဆုရ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်ရှိ ငါးလုပ်ငန်းနှင့်ပင်လယ်ထွက်ကုန်များ (၂၀၀၀)လီမိတက်မှ ဦးဇော်လေး၊ ရေထွက်ပစ္စည်းပြည်ပတင်ပို့ရောင်းချမှု ထူးချွန်ဆု (နယ်စပ်ကုန်သွယ်ရေး)ဆုရ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်းရှိ မနောမိုင်ကုမ္ပဏီမှ ဦးအယ်လ်အရန်ဆိုင်၊ ရိုးရာရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှုထူးချွန်ဆု (ပုံမှန်ကုန်သွယ်ရေး)ဆုရ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်ရှိ အင်တာနေရှင်နယ် စီးတီးထရိတ်ကုမ္ပဏီမှ ဒေါ်ဝင်းဝင်းတင်၊ ရိုးရာ ရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှုထူးချွန်ဆု(နယ်စပ်ကုန်သွယ်ရေး)ဆုရ

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

# ယဉ်ကျေးလှပ မြန်မာအက

ပြီးခဲ့သည့် တနင်္ဂနွေနေ့နံနက်က ကျွန်တော်၏မိတ်ဆွေ စာရေးဆရာ၊ သတင်းစာဆရာ"သက်တင်အုန်း" ကျွန်တော့်အိမ်သို့ ခရီးကြုံရင်း ဝင်လာသည်။ ကျွန်တော်တို့ဧည့်ခန်းတွင် အာလာပသလ္လာပ စကားပြောဖြစ်ကြသည်။

**သက်တင်အုန်း**– "တစ်နေ့က ဆရာ ဟို–သရုပ်ပြစာတမ်းဖတ်ပွဲ ရောက်သေးလား"

**ကျွန်တော်** – "မြန်မာနိုင်ငံ ဝိဇ္ဇာနဲ့သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့ဝင် ပါမောက္ခဒေါ်ခင်နုရဲ့ 'ယဉ်ကျေးလှပ မြန်မာအက' သရုပ်ပြစာတမ်းဖတ်ပွဲကို ပြောတာလား"

**အုန်း** – "ဟုတ်ပါတယ်ဆရာ၊ သောကြာနေ့က ကျွန်တော် မအားတာနဲ့ အဲဒီမရောက်ခဲ့ဘူး။ ဆရာတော့ သွားလိမ့်မယ်ထင်လို့ပါ"

**ကျွန်တော်** – "ကျွန်တော် ရောက်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမှာလုပ်တဲ့ သရုပ်ပြ စာတမ်းဖတ်ပွဲဟာ တော်တော်စိတ်ဝင်စားစရာ ကောင်းတယ်ဗျ"

**အုန်း** – "ပြောပြပါဦး ဆရာ"

**ကျွန်တော်** – "အဲဒီ– စက်တင်ဘာလ ၁၇ရက် သောကြာနေ့ မွန်းလွဲ ၂နာရီမှာ ပြုလုပ်တဲ့ သရုပ်ပြစာတမ်းဖတ်ပွဲမှာ သရုပ်ပြတဲ့ ရုပ်ပုံကားတွေ၊ မြန်မာ့ရိုးရာတူရိယာ အဖွဲ့ရဲ့ ဂီတသံနဲ့ အကယ်ဒမီ ဆိုဗီယက်ပြန် ဒေါ်နွဲ့နွဲ့စန်းရဲ့ ကဟန်တွေနဲ့ဆိုတော့ ပျင်းစရာ တစ်ကွက်မျှမရှိဘဲ အင်္ဂလိပ်လို (Lively) အကုန်လုံး အသက်ဝင်နေတယ်။ ရှင်သန်တက်ကြွနေတယ်ဗျ"

**အုန်း** – "ဟာဗျာ– ကျွန်တော် မကြည့်လိုက်ရတာ နာတာပဲ။ ဂီတနဲ့ပတ်သက်ပြီး ဘယ်လိုဂီတမျိုး တင်ဆက်တာပါလဲဆရာ"

**ကျွန်တော်** – "စာတမ်းဖတ်ပွဲက 'ယဉ်ကျေးလှပ မြန်မာအက' ဆိုတော့ မြန်မာအကပါရင် အဲဒီအကနဲ့ လိုက်ဖက်တဲ့ တူရိယာသံလေးလဲ ပါရမှာပေါ့ဗျာ။ ရှေးမြန်မာ နိုင်ငံမှာ ခင်ဗျားလဲ မှတ်မိမှာပါ။ ပျူ၊ ကမ်းယံ၊ သက် ဆိုတဲ့ ရှေးမြန်မာများ နေထိုင်လာကြတော့ သူတို့နဲ့အတူ သူတို့ခေတ်က ဂီတနဲ့ အကတွေလဲ ရှိခဲ့တာပေါ့။ အဲဒီရှေးကရှိခဲ့တဲ့ ပျူလူမျိုးများရဲ့ ကဟန်ကို ကနေတဲ့ အရုပ်ကလေးတွေ ပုံကို ပုံကြီး ချဲ့ပြီး စင်ပေါ်မှာ ဆလိုက်နဲ့ထိုးပြတယ်ဗျ။ ကနေတဲ့ အရုပ်ကလေးတွေက ချစ်စရာလေးတွေဗျာ။ ဂီတ အဖွဲ့ဝင်တွေကတော့ စင်ကြီးရဲ့ လက်ယာဘက်၊ ပရိသတ်ရဲ့ လက်ဝဲဘက်မှာဗျ။ တူရိယာပစ္စည်းကလေးတွေကတော့ မောင်းလုံးကလေးတွေ၊ ဗုံကလေးတွေ၊ စည်းဝါးပြီးတော့ စောင်းကောက်၊ ပတ္တလားနဲ့ အမြီးကလေးကော့နေတဲ့ မိကျောင်းလို့ခေါ်တဲ့ ကြိုးတပ်တူရိယာလေးတွေလောက်ပါပဲ"

**အုန်း** – "ဒါဆို ပျူဂီတက မွန်ဂီတနဲ့ ဆင်မှာပေါ့နော်"

**ကျွန်တော်** – "ဟုတ်တယ်ဗျ၊ ဒီဂီတ ၂၉မျိုး ပုဂံခေတ်ကတည်းက ရှိခဲ့တယ်တဲ့။ နောက်ပြီး ခရုသင်းမှုတ်နေတဲ့ အရုပ်ကလေးတွေကိုလဲ ဆလိုက်နဲ့ထိုးပြတယ်"

**အုန်း** – "ပုဂံခေတ်က အကမျိုးစုံ ရှိခဲ့မှာပေါ့နော်၊ ဒီနောက်တော့ အကတွေလဲ အမျိုးမျိုးပွားလာမှာပေါ့ ဆရာရယ်"

**ကျွန်တော်** – "အင်းဝခေတ်ကျတော့ အကမျိုးပေါင်း ၆၄မျိုး ရှိကြောင်း ပါမောက္ခဒေါ်ခင်နုက ရှင်းပြတယ်ဗျ။ နောက်တော့ ခင်ဗျားတို့၊ ကျွန်တော်တို့ ယဉ်ကျေးမှုကပွဲတွေမှာ ကြည့်ခဲ့ကြရတဲ့ မြေဝိုင်းအက ပေါ်လာတယ်လေ။ အင်းဝခေတ်မှာ တူရိယာပစ္စည်း ၃၇မျိုးရှိပြီး နတ်ပွဲတွေမှာ ကတဲ့ နတ်အကတွေလဲ ပေါ်ခဲ့တယ်"

**အုန်း** – " အရမ်းဗဟုသုတ ဖြစ်ပါတယ်ဆရာရယ်။ ဒီနောက်ပိုင်းတွေကျတော့ အငြိမ့်တွေပေါ်လာပုံလဲ ဆွေးနွေးမှာပေါ့နော်"

**ကျွန်တော်** – "တကယ်တော့ **နန်းတွင်းအမျိုးသမီးတွေ ထိုင်ဆိုဆိုရင်းနဲ့ အကပါပါလာပြီး ထိုင်ဆိုအငြိမ့် စခဲ့ပုံကို သိရတယ်ဗျ။ ဒီနောက်တော့ ခင်ဗျားတို့၊ ကျွန်တော်တို့ရဲ့ မိဘ ဘိုးဘွားများ လက်ထက် အငြိမ့်မင်းသမီး ဒေါ်စိန်သုံးနဲ့ လူရွှင်တော်ဦးချစ်ဖွယ် တို့ရဲ့ အငြိမ့်ဆိုပြီး အငြိမ့်တစ်ခေတ် ဆန်းသစ်လာခဲ့တာဗျ**"

**အုန်း** – "ကျွန်တော်သိရသလောက် ကျွန်တော်တို့ မြန်မာဘုရင်တွေကလဲ အဆို၊ အက၊ အရေး၊ အတီးကို အားပေးခဲ့ကြတယ်ဆရာရဲ့။ ကျွန်တော်တို့ ခေတ်ကျတော့ စစ်ဖြစ်ခါနီး ကျွန်တော်တို့ ၈တန်း/၉တန်းလောက်တုန်းက ဆရာမှတ်မိမလားမသိဘူး။ ဆောင်းပေါက်လာရင်တော့ ဇာတ်တွေ၊ အငြိမ့်တွေ ရန်ကုန်ကို လာကကြတယ်လေ။ ဆရာတို့ ကျွန်တော်တို့ကတော့ ရန်ကုန်ကျောင်းတွေမှာနေခဲ့တော့ 'ရာမ'ဇာတ် သွားကြည့်ကြတာ မပျော်ဘူးလား ဆရာရယ်..."

**ကျွန်တော်** – "ဟုတ်တယ်၊ လမ်းမတော်ရာမ၊ ရေကျော်ရာမ၊ အိုးဖိုရာမတို့ဆို ကျွန်တော်တို့မလွတ်တမ်းပေါ့။ ရန်ကုန်မှာ ရာမဇာတ်ကို ခုနစ်ရက်၊ ၁၀ရက်အထိ ဆက်တိုက် ညစဉ်ကပြတယ် မဟုတ်လား။ အဲ...ခုစာတမ်းဖတ်ပွဲမှာ ကြားရတာကတော့ ဟိုးရှေးခေတ်က ရာမဇာတ်ကို ၆၅ရက်တောင် ကပြသတဲ့ဗျ"

**သုခိအောင်**

**အုန်း** – "ဟုတ်လားဆရာ..."

**ကျွန်တော်** – "ပွဲတွေမှာဆိုရင် နတ်ကတော်ကစပြီး စခန်းသိမ်းအထိ ကကြရတယ်တဲ့။ ရှေးတုန်းက ဇာတ်ကရင် ပထမပွဲထိုးပြီး နတ်ကတော်အကကိုကရတယ်။ ဒါက ပထမအမျိုးအစား၊ ဒုတိယအမျိုးအစား ကတော့ အပျိုတော်အက။ နဖူးစည်းနဲ့ရင်စည်း ပဝါကို နတ်ကတော်ကသာ ဆင်မြန်းရပါတယ်"

**အုန်း** – "မတူလေးရယ်တဲ့ ယှဉ်ကာပြိုင်... ယှဉ်ကာပြိုင်၊ ပန်းမွှေ့ရာ ရွှေကော်ဇော ရေနှောလို့ထိုင် ...ကျွန်တော်တို့ ငယ်ငယ်က ဒီတေးသွားကို သိပ်ကြိုက်တာပေါ့ဆရာရယ်၊ နတ်ကတော်အကက ကမျိုးစုံတယ်နော် ဆရာ"

**ကျွန်တော်** – "အဲဒီမှာလဲ ဒေါ်နွဲ့နွဲ့စန်းက အပျိုတော်၁၂ ကြိုးအက၊ ပလို့ကတို့ကို ကလေးတွေနဲ့ ကပြသွားတယ်ဗျ။ ဒါ့အပြင် ရာမအကမှာလဲ အဝေးကြည့်ဟန်၊ အနီးကြည့်ဟန်၊ သမင်လည်ပြန်အက၊ ယိုးဒယား တစ်ပင်တိုင် အကလေးတွေနဲ့ ကပြသွားသေးသဗျ"။ ဒါ့အပြင် ဒေါ်နွဲ့နွဲ့စန်းက "ပေါင်းတော်ပြင်" "မှန်တော်ရှု" "သားပိုက်အက" "ဆံတော်သိမ်း" အကလေးတွေကို တင်ဆက်သွားသေးသဗျ။ နောက်ပြီး မယ်သီတာ သမင်လိုက်အက၊ လေးဆွဲကဟန်နဲ့၊ ဘီလူးအကတွေပါ ကပြတယ်ဗျ။ နောက်ပြီး ပဒုမ္မာကြာလက်ဟန်၊ စင်ရော်တောင်လက်အက စတာတွေကိုလဲ မြန်မာတူရိယာအဖွဲ့နဲ့ ကပြတာ ယဉ်ကျေးလှပပါပေ့ဗျာ"

**အုန်း** – "ကောင်းမှာပေါ့ဆရာရယ်၊ ဒေါ်နွဲ့နွဲ့စန်းတို့၊ အမာစိန်တို့က ဆရာမကြီး အငြိမ့်မင်းသမီးကြီး ဒေါ်ဩဘာသောင်းရဲ့ တပည့်ရင်းတွေကိုး ဆရာရဲ့"

**ကျွန်တော်** – "ပါမောက္ခဒေါ်ခင်နုက ရှေးတုန်းက ကျော်ကြားခဲ့တဲ့ တော်သုံးမင်းသမီးကြီး ယင်းတော်မလေးတို့၊ ကိန္နရာအက အလွန်ကောင်းတဲ့ မထွေးလေးတို့၊ လက်ညှိုးထိုးအကနဲ့ နာမည်ကြီးတဲ့ ဆင်ခိုးမလေးတို့အကြောင်းလဲ ဆွေးနွေးသွားသေးတယ်ဗျ"

**အုန်း** – "မင်းသားကြီးတွေ အကြောင်းလဲပါမှာပေါ့နော် ဆရာ"

**ကျွန်တော်** – "ပါတာပေါ့ဗျ။ ဦးစိန်ကတုံးတို့၊ ယောကျ်ားမင်းသမီး အောင်ဗလတို့၊ ဖိုးစိန်ကြီးတို့၊ စစ်ဖြစ်ခါနီးနဲ့ စစ်ပြီးခေတ်မှာ နာမည်အလွန်ကျော်ကြားတဲ့ ရွှေမန်းတင်မောင်တို့၊ နောက်ပိုင်း ခြေထိုးအကကောင်းတဲ့ ဦးအောင်မောင်းတို့၊ တက်ခေတ်စိန်တို့ဟာဗျာ အများကြီးပဲ။ ဒီမင်းသား၊ မင်းသမီးကြီးတွေရဲ့ဓာတ်ပုံတွေကို ဆလိုက်နဲ့ ထိုးပြတာ အားရှိ ပါးရှိပေါ့ဗျာ"

**အုန်း** – "ကျွန်တော် ကြည့်ချင်လိုက်တာဆရာရယ်" အငြိမ့်မင်းသမီးတွေရဲ့ ပုံတွေရော ဆလိုက်နဲ့ထိုးပြမှာပေါ့နော်..."

**ကျွန်တော်** – "ထိုးပြတာပေါ့ဗျာ၊ အငြိမ့်စပြီး ကဖြစ်တာက "မစိန်ငုံ" ဆိုတဲ့ အမျိုးသမီးက ထိုင်ဆိုကနေ ထကရာက အငြိမ့်စဖြစ်လာပုံလဲပါတယ်။ ဒေါ်ဩဘာသောင်း ကနေပုံ၊ ဥက္ကလာအေးကြည်၊ လေဘာတီ မမြရင်၊ ဒဂုံခင်လှကြည်၊ ယူနီဗာစီတီမြသန်းကြည်၊ ရွှေနှင်းဆီ မတင်ညွန့်၊ တက္ကသိုလ်စိန်၊ ဖက်ရှင်အောင်ငွေ စသည်ဖြင့် ကျော်ကြားတဲ့ အငြိမ့်မင်းသမီးဓာတ်ပုံတွေကို ဆလိုက်နဲ့ ထိုးပြတယ်ဗျ။ ကျွန်တော်တို့ ငယ်ငယ်က ကြည့်ခဲ့ရတဲ့ နာမည်ကျော် အငြိမ့်မင်းသမီး ဓာတ်ပုံတွေကို မြင်ရတော့ ပီတိဖြစ်မိတယ်ဗျာ"

**အုန်း** – "ဆက်ပြောပြပါဦး ဆရာ"

**ကျွန်တော်** – "ဖိုးစိန်ကြီးတို့ ခြေကတစ်မျိုး ဆန်းသစ်လာတာဟာလဲ ကိုလိုနီခေတ် ခြေကဖြစ်တယ်လို့ သိရတယ်ဗျ။ ကျွန်တော်တို့ ရှေးခေတ်က အထောက်အထားတွေ ကြည့်တဲ့အခါ ကျောက်နံရံပေါ်က အရုပ်တွေ၊ ရှေးကထွင်းထုထားတဲ့ အရုပ် ကလေးတွေကိုကြည့်ပြီး ဟိုတုန်းက အကဟန်တွေကို ပြန်တွေ့ရတယ်ဗျ။ ဥပမာ–အခု ဆွေးနွေးသွားတဲ့အထဲမှာ အိန္ဒိယပြည် မဒရပ်မှာ တွေ့ရတဲ့ ရှေးနှစ်ပေါင်း ၁၀၀ကျော်က ကပြနေတဲ့ ကျောက်ဆစ်ရုပ်ကလေးတွေကို ကြည့်ပြီး ဟိုတုန်းက အကရဲ့အနေအထား ဘယ်လိုရှိတယ် ဆိုတာကို အကဲဖြတ်လို့ရတဲ့အကြောင်း သိရတယ်ဗျ"

**အုန်း** – "အတော်ကို ဗဟုသုတဖြစ်ပါတယ် ဆရာရယ်။ ဆရာပြောတာနဲ့ နောက်တစ်ခါ **'ယဉ်ကျေးလှပ မြန်မာအက'** သရုပ်ပြစာတမ်းဖတ်ပွဲကျရင် ကျွန်တော် သွားဖြစ်အောင် သွားမယ် ဆရာရဲ့။ ဒါနဲ့ ဒီသရုပ်ပြ စာတမ်းဖတ်ပွဲကို ဘယ်လို နိဂုံးချုပ်ပြီး စာတမ်းဖတ်ပွဲ ပြီးဆုံးသွားပါသလဲ ဆရာ"

**ကျွန်တော်** – "နိဂုံးချုပ်ကတော့ အငြိမ့်ဆိုင်းကို ကက်ဆက်နဲ့အသံသွင်းထားတဲ့ ဦးစိန်လှမြိုင်ရဲ့ဆိုင်းနဲ့ ဒေါ်နွဲ့နွဲ့စန်းရဲ့ အငြိမ့်အဆိုအကနဲ့ ကန်တော့ပန်းဆင် သွားတာပါပဲ ခင်ဗျာ"။ ။

> **နန်းတွင်းအမျိုးသမီးတွေ ထိုင်ဆို ဆိုရင်းနဲ့ အကပါပါလာပြီး ထိုင်ဆိုအငြိမ့်စခဲ့ပုံကို သိရတယ်ဗျ။ ဒီနောက်တော့ ခင်ဗျားတို့၊ ကျွန်တော်တို့ရဲ့ မိဘဘိုးဘွားများလက်ထက် အငြိမ့်မင်းသမီး ဒေါ်စိန်သုံးနဲ့ လူရွှင်တော် ဦးချစ်ဖွယ်တို့ရဲ့ အငြိမ့်ဆိုပြီး အငြိမ့်တစ်ခေတ် ဆန်းသစ်လာခဲ့တာဗျ။**


## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**


## ညောင်ကန်အေး သာသနာ့ရိပ်သာ ငွေရတုကျောင်းတော် တည်ဆောက်ရန်ငွေလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး၊ အမှတ်(၆)ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ (၂၅)နှစ်ပြည့် အထိမ်းအမှတ် ငွေရတုကျောင်းတော် တည်ဆောက်လျက်ရှိရာ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ် ၆လမ်း၊ အမှတ် ၅၉၇–က၊ မောင်ကျော်စိုး(ခေတ္တ–ဂျပန်)မွေးနေ့အလှူ ဦးစံဌေး–ဒေါ်ခင်သိန်း မိသားစုက ကျပ်တစ်သိန်း၊ အင်းစိန်မြို့နယ် ကြို့ကုန်းရိပ်သာ တိုက် ၃၁၊ အခန်း ၇၊ ဗိုလ်မှူး ဒေါ်ခင်ခင်အား ရည်စူး၍ ဦးသန်းထွန်းဦး–ဒေါ်သီသီဖြူ မိသားစုက ကျပ်တစ်သိန်း၊ မရမ်းကုန်းမြို့နယ် ခဝဲခြံ အင်းစိန်လမ်း အမှတ် ၇၈နေ ဒေါ်မြမြဝင်း၊ သား မောင်စိုးသက်ထွန်းတို့က ကျပ်တစ်သိန်း၊ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် မဲဇလီ ကုန်းမြို့၊ ဒေါ်တင်ရွှေအား ရည်စူး၍ ဦးအုန်းမောင်က ကျပ်တစ်သိန်း၊ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာ လမ်းသစ် စိမ့်လှဲ့ရိပ်သာ အမှတ်–C-2၊ ဦးခင်အားရည်စူး၍ ဒေါ်အုန်းပွင့် မိသားစုက ကျပ်တစ်သိန်း၊ သုဝဏ္ဏမြို့နယ် ခရေပင်လမ်း အမှတ် ၂၂၄၊ ဦးခင်မောင်ထွေး–ဒေါ်စန်းယုမော် မိသားစုက ကျပ်တစ်သိန်းနှင့် ကမာရွတ်မြို့နယ် ၄–ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၁၅၊ နှစ်ဖက်မိဘများ အမှူးထား၍ ဦးတိုးရီ–ဒေါ်မေသော် မိသားစုက ကျပ်တစ်သိန်းလေးထောင်တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(က–ပ)**





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံ-တာချီလိတ်လမ်း၊ မိုင်းဇင်း ရွာရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး စိုက်ပျိုးမှုတင်ပြသည့် အခမ်းအနားသို့ တက်ရောက်၍ ရွှေရင်အေးစပ်မျိုး၊ ဆင်းကေရီ-၃၊ဆင်းရွှေဝါစပါးစိုက်ခင်းများကို ကြည့်ရှုစဉ်။** (သတင်းစဉ်)

■ **ကျောဖုံးမှ**

ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ အောက်တိုဘာ ၁၃ရက် နံနက် ၈နာရီခွဲတွင် ကျိုင်းတုံ-တာချီလိတ်လမ်း၊ မိုင်းဇင်းရွာရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာ အုပ်စု စံပြကွက်ဧက ၂၀၀ စိုက်ခင်းအနီး၌ ကျင်းပသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး စိုက်ပျိုးမှုတင်ပြသည့် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအေးသိန်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ၂၀၀၄-၂၀၀၅ ခုနှစ်သီးနှံများ စိုက်ပျိုးမှုအခြေအနေ၊ ၂၀၀၄-၂၀၀၅ ခုနှစ်နွေစပါး၊ ဆောင်းသီးနှံစိုက်ပျိုးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှေးဦးစွာ ရှင်းလင်းတင်ပြသည်။

**စမ်းသပ်စိုက်ပျိုး**

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ဒေသခံပြည်သူများ စိုက်ပျိုးရေးတွင် မိရိုးဖလာစပါးမျိုးအစား အထွက်တိုးမျိုးစပါးကို ပြောင်းလဲသုံးစွဲရန် တွန်းအားပေးစည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ ဤဒေသမှာ တောင်ကုန်း၊ တောင်တန်းများ ပေါများသဖြင့် ကုန်းမြင့်လယ်ယာများထက် မြေပြန့်တွင်ရှိသော လယ်ယာများက ရေရရှိမှုကောင်းသဖြင့် ပိုမိုအထွက်ကောင်းပါကြောင်း၊ ကုန်မြင့်လယ်ယာမြေဖော်ထုတ်စိုက်ပျိုးရေးကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိရိုးဖလာစပါးမျိုးများထက် အထွက်ကောင်းစပါးမျိုးများက ပိုမိုထွက်ရှိသည်ကို ဒေသခံလယ်သမားကြီးများမြင်တွေ့နည်းယူနိုင်ရန် မြို့ဝင်မြို့ထွက် စိုက်ကွင်းများ၌ နမူနာစမ်းသပ်စိုက်ပျိုးပြသထားခြင်းဖြစ်ကြောင်းဖြင့်ရှင်းလင်းပြောကြားသည်။

**လူနေမှုမြင့်မားလာမည်**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး က စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ အရည်အချင်းရှိလျှင်၊ စိတ်ဝင်စားလျှင်၊ တက်ကြွစွာဆောင်ရွက်လျှင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်တိုးတက်မည် ဖြစ်ကြောင်း၊ စီမံကိန်း လျာထားချက် အပေါ်တွက်ချက်ပြီး တိုးချဲ့စိုက်ပျိုး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တကယ်အထွက်တိုးအောင်စိုက်မည် ဆိုလျှင် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာကို လုံလောက်စွာ ထည့်သွင်းခြင်း၊ စိုက်ပျိုးရေ ရရှိအောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးနည်း စနစ်မှန်ကန်စွာ ဆောင်ရွက်ခြင်းတို့ဖြင့် အထွက် နှုန်းကောင်းလာမည်ဖြစ်ကြောင်း၊ ဤသို့ ဆောင်ရွက်သဖြင့် အထွက်နှုန်းကောင်းလာလျှင် လယ်သမားကြီးများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုဘဝ မြင့်မားလာမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က စပါးအထူးအထွက်နှုန်း ကောင်းအောင် အထွက်ကောင်းစပါး၊ ရောဂါဒဏ်ခံနိုင်သော စပါးမျိုး၊ မိမိတို့ ရေမြေဥတုနှင့် ကိုက်ညီသော စပါး၊ စိုက်ပျိုးစရိတ်နည်းနည်းဖြင့် အထွက်နှုန်းကောင်းသောမျိုးစပါး၊ ဒေသကြိုက်သည့် ဆန်မျိုးတို့ကို ရွေးချယ်စိုက်ပျိုးလျှင် စပါးအထွက်နှုန်းကောင်းပြီး အကျိုးရှိမည်ဖြစ်ကြောင်း၊ မြေပြန့်လယ်ယာများ တိုးချဲ့စိုက်ပျိုးသွားခြင်း၊ တောင်ယာစပါးကို အထွက်နှုန်းကောင်းသော စပါးမျိုးစိုက်ပျိုးခြင်းဖြင့် ဒေသဝမ်းစာ ဖူလုံစေနိုင်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

**ညှိနှိုင်းဖြည့်ဆည်းပေး**

ယင်းနောက် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကအမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့အနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ပေးရန်၊ အထူးသဖြင့် လယ်ယာစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို သိရှိပြီး လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိမြို့နယ်များအနေဖြင့် ဒေသဝမ်းစာဖူလုံသည့်မြို့နယ်များရှိသကဲ့သို့ မဖူလုံသေးသည့် မြို့နယ်များလည်းရှိကြောင်း၊ ထို့ကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တစ်ခုလုံး ဒေသဝမ်းစာဖူလုံသည့်အပြင် ပိုလျှံလာသည်အထိဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

**ဖိဖိစီးစီးကြိုးပမ်း**

လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးနည်းစနစ် လေးမျိုးဖြစ်သည့် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက်အထွက်ကောင်းမျိုးများသုံးစွဲရေး၊ ဓာတ်မြေသြဇာနှင့် ဒေသထွက်မြေသြဇာများ ပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော်မိုးတော်ကေများ တိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်သွားကြရမည့်အပြင် သီးထပ်စိုက်စွမ်းအား တိုးတက်ရေး၊ စိုက်ပျိုးမြေတိုးတက်ရေးအတွက် ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများက ဒေသခံတောင်သူများနှင့် အစဉ်ထိတွေ့ပြီး စိုက်ပျိုးရေးနည်းစနစ်များ၊ စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် ပညာများဖြန့်ဝေပေးရန်လိုကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အနေဖြင့် မိုးစပါးဧကလေးသိန်းစိုက်ပျိုးရန်တာဝန်ပေးထားရာ ပေးအပ်ထားသည့်တာဝန် ကျေပွန်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဖိဖိစီးစီး ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေးဌာနမှ တာဝန်ရှိဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ လူမှုရေးအသင်းအဖွဲ့များက သူ့တာကိုယ့်တာမခွဲခြားဘဲ မိမိတို့ပြည်နယ်အတွက် ပေးအပ်ထားသည့် စီးပွားရေးစီမံကိန်းအပြည့်အဝ အောင်မြင်အောင် အကောင်အထည်ဖော်ရန်နှင့် တာဝန်ပေးထားသည့် မိုးစပါးဧက လေးသိန်းပြည့်မီအောင် စိုက်ပျိုးရေးတို့အတွက်အားသွန်ကြိုးပမ်းဆောင် ရွက်သွားကြရန်လိုကြောင်းဖြင့် အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြသထားသော ရွှေရင်အေး၊ စပ်မျိုး၊ ဆင်းကေရီ(၃)၊ ဆင်းရွှေဝါ စသည့် စပါးများ၏ စပါးပင်၊ စပါးစေ့၊ ဆန်နှင့် ထမင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံလယ်သမားကြီးများအားလည်း လေ့လာနိုင်ရန် ပြသသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ဆက်လက်၍ အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် ဆင်းရွှေဝါ၊ ဆင်းကေရီ(၃)၊ မနော်ဟရီနှင့် ရွှေရင်အေးစပါးမျိုးများအား ဓာတ်မြေသြဇာထည့်သွင်းစိုက်ပျိုးထားသော စိုက်ကွက်နှင့် ဓာတ်မြေသြဇာမထည့်သွင်းဘဲ စိုက်ပျိုးထားသောစိုက်ကွက်တို့ကိုကြည့်ရှုပြီး အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံလယ်သမားကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

မိုးစပါးအထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်နည်းစနစ်များကို တောင်သူလယ်သမားများ လေ့လာနိုင်ရန် ကျိုင်းတုံမြို့ မြို့ဝင်နှင့် မြို့ထွက် စံပြကွက်များ၌ ရွှေရင်အေးစပါး ၃ဒသမ၅၀ဧက၊ စပ်မျိုးစပါး ၃ဒသမ၅၀ဧက၊ ဆင်းကေရီစပါး ၅၉ဒသမ၀၄ဧက၊ ဆင်းရွှေဝါစပါး ၁၃၃ ဒသမ ၉၆ ဧက စုစုပေါင်းဧက ၂၀၀စိုက်ပျိုးပြသထားပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြို့နယ်၁၀မြို့နယ်၌ ဧကပေါင်း၂၂၀၀၌လည်း အလားတူလေ့လာနိုင်ရန် စိုက်ပျိုးပြသထားကြောင်း သိရှိရသည်။

**လျာထားဧကထက်ပိုမို**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အနေဖြင့် မိုးစပါးအပါအဝင် အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံနှင့် အခြားမိုးသီးနှံများကို ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၂၇၂၅၂ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ၃၀၈၄၇၁ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စပါး၃၀၁၇၁ဧက၊ အစေ့ထုတ်ပြောင်းဧက၂၉၁၀၊ ဖူးစားပြောင်း ၁၄၄ဧက၊ ပဲပုပ် ၁၄၈၄ဧက၊ ပဲစင်းငုံ ၆၂၉ဧက၊ အခြားပဲ၇၅၃ဧက၊ မြေပဲ ၆၉၉ဧက၊ နေကြာ၂၈၉ဧက၊ အာလူး ၂၀၉ဧက၊ ငရုတ်စို ၂၂၇ဧကနှင့် ဟင်းသီး ဟင်းရွက် ၁၉၄ ဧက၊ စုစုပေါင်း ၃၆၃၁၉ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့်လျာထားချက်အပေါ် ၁၁၃ ဒသမ၃၅ရာခိုင်နှုန်းစိုက်ပျိုးနိုင်ခဲ့သည်။

အလားတူ ၂၀၀၄-၂၀၀၅ခုနှစ် နွေစပါးနှင့်ဆောင်းသီးနှံစိုက်ပျိုးရန် စီမံကိန်းလျာထားချက်မှာ ၅၅၀၇၁ ဧကဖြစ်ပြီး ဒေသအနေဖြင့် စိုက်ပျိုးရန်လျာထားချက်မှာ ၆၃၁၁၁ဧက ဖြစ်ကြောင်းသိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့မှ ကျိုင်းတုံခရိုင်မိုင်းခတ်မြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ မိုင်းခတ်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးကျော်လင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိသားစုများက ကြိုဆိုကြသည်။

**ဒေသခံများနှင့်တွေ့ဆုံ**

ထို့နောက် အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် မိုင်းခတ်မြို့နယ် ခန်းမ၌ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် ရှေးဦးစွာ မိုင်းခတ်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းထွေးက မိုင်းခတ်မြို့နယ်၏ လူဦးရေ၊ လမ်းပန်းဆက်သွယ်ရေး၊ မြေအသုံးချမှု၊ ဒေသဝမ်းစာဖူလုံမှု၊ နွေစပါးနှင့် မိုးစပါးစိုက်ပျိုးမှု၊ ပညာရေး၊ကျန်းမာရေးစသည့် ကဏ္ဍများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့အနေဖြင့် မိုင်းခတ်မြို့သို့ လာရောက်ခြင်းမှာ မိုင်းခတ် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ မိုင်းခတ်မြို့သည် ယခင်ကာလများက ငြိမ်းချမ်းမှု မရှိသည့် ဒေသဖြစ်သဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း၊ ထို့ကြောင့် မြို့ဟုခေါ်ဆိုရသော်လည်း လူနေအိမ်ခြေအနည်းငယ်သာရှိကြောင်း။

ယခုအခါ မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင်၊နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးတို့ကို စီမံကိန်းများ ချမှတ်ပြီး ဖိဖိစီးစီး ဆောင်ရွက်ပေးမှုကြောင့် ယခုအခါ ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ၊ ဆေးရုံများစသည်တို့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လူနေအိမ်ခြေများစွာဖြင့်မြို့စည်ပင်သာယာဖွံ့ဖြိုးနေပြီဖြစ်ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း**

ယင်းကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများက မိမိတို့၏ဒေသ တရားဥပဒေစိုးမိုးပြီး ရပ်ရွာအေးချမ်းသာယာရေးအတွက်လည်းကောင်း၊ ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေ ပြည်သူများ လူနေမှုဘဝမြင့်မားလာရေးအတွက်လည်းကောင်း၊ မြို့ကို မြို့အင်္ဂါရပ်နှင့်အညီသန့်ရှင်းသာယာလှပရေးအတွက်လည်းကောင်း၊ ဒေသနေပြည်သူများ ပညာရည်မြင့်မားပြီး ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝရရှိကာ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့အကျိုးဆောင်လူရည်ချွန် လူရည်မွန်များ ပေါ်ထွက်လာရေးအတွက် လည်းကောင်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိကြကြောင်း။

မိုင်းခတ်မြို့နယ်အနေဖြင့် ဒေသဝမ်းစာဖူလုံသည်ကိုတွေ့ရကြောင်း၊ ဒေသဝမ်းစာဖူလုံနေမှုဖြင့် တင်းတိမ်ရောင့်ရဲမနေကြဘဲ ပိုလျှံသည်ထက်ပိုလျှံအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာဒေသနေ ပြည်သူများ စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာပြီး လူနေမှုအဆင့်အတန်းလည်းမြင့်မားလာမှာဖြစ်ကြောင်း။

ထို့ကြောင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက တာဝန်သိသိဖြင့် အများအကျိုး၊ မိမိဒေသအကျိုးအတွက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့်အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့**

***စာမျက်နှာ ၉ မှ***

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် အေးရိပ်မွန်အိမ်ရာရှိ နမ်ယန်ကုမ္ပဏီမှ ဦးစိန်မောင်၊ မြန်မာ့ဓာတိအလှငါးပြည်ပတင်ပို့မှု ထူးချွန်ဆုရ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ပါရမီရိပ်သာရှိ လင်းအရဏ်ကုမ္ပဏီမှ ဒေါ်သူဇာဦး၊ စပါးငါးတွဲဖက်စိုက်ပျိုးမှုထူးချွန်ဆုရ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ကျွန်းချောင်းကျေးရွာ ဖလုံကန်ကုန်းမှ ဦးပုသန်းနှင့် ပဲခူးတိုင်း(အရှေ့)သနပ်ပင် မြို့နယ်မှ ဦးအောင်မောင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်က နို့စားနွား မွေးမြူမှု ထူးချွန်ဆု(မွေးမြူသူ ထူးချွန်ဆု)ရ မန္တလေးတိုင်း မိတ္ထီလာမြို့နယ်မှ ဦးခင်မောင်ဝင်းနှင့် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်မှ ဦးအုန်းခိုင်၊ တိုင်းရင်းကြက်မွေးမြူမှုထူးချွန်ဆု(မွေးမြူသူထူးချွန်ဆု)ရ စစ်ကိုင်းတိုင်း ကလေးမြို့နယ် တောင်စည်ကျေးရွာမှ ဦးဖိုးပွား၊ သိုး၊ဆိတ်မွေးမြူမှု ထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ မကွေးတိုင်း မြိုင်မြို့နယ်၊ ဘဲမွေးမြူမှု ထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ ပဲခူးတိုင်း(အရှေ့) သနပ်ပင်မြို့နယ်၊ မွေးမြူရေးအခြေခံဘက်စုံဖွံ့ဖြိုးရေးဆောင်ရွက်မှု ထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်မှ ဦးမြင့်ဦး၊ ကာကွယ်ဆေးထုတ်လုပ်မှုထူးချွန်ဆုရ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေး ထုတ်လုပ်ရေးဓာတ်ခွဲခန်းနှင့် တိရစ္ဆာန်ဆေးသိပ္ပံပညာထူးချွန်ဆုရ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ရေဆင်းမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ခွဲစိတ်ကုသနှင့်မျိုးပွားပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမြင့်သိန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်၊ တောင်တန်းစိုက်ခင်း ဧက ၂၀၀ စစ်ကိုင်း မင်းဝံတောင် အကောင်းဆုံး သီးနှံသစ်တောရောနှောစိုက်ခင်း(ကျွန်းအထူး) ထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ ရောဝတီတိုင်း ကြံခင်းမြို့နယ်ရှိ မျှင်ဝါးကြိုးဝိုင်းမှ ဦးဝင်းကြည်နှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ မဟူရာကြိုးဝိုင်းမှ ဦးတင်ဝင်းတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

17-10 (11).p65 1 24.03.1905, 8:28 PM





# ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ထိန်းသိမ်းကာကွယ် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အဆင့်ခုနစ်ဆင့်ဖြင့် ကူးပြောင်းတော့မည်ဖြစ် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ကျရာကဏ္ဍမှထမ်းဆောင်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၆

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ရောက်ရှိနေသော မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ကျိုင်းတုံမြို့ အမှတ်(၄) ရပ်ကွက် လေယာဉ်ကွင်းလမ်းရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။**

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ကျိုင်းတုံမြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးလုကာ (အငြိမ်းစား) တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံးမြေညီထပ်၌ ဖွင့်လှစ်ထားသော ဈေးဆိုင်ခန်းများနှင့် ပထမထပ်ရှိ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီရုံးခန်း၊ ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်မှုအဖွဲ့ရုံးခန်းနှင့် ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်မှုအဖွဲ့ရုံးခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို တည်ငြိမ်အောင်၊ လုံခြုံအောင်၊ တရားဥပဒေစိုးမိုးပြီး ရပ်ရွာအေးချမ်းသာယာအောင် ပထမဦးစားပေးပြီး ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ မိမိတို့နိုင်ငံတွင် တည်ငြိမ်အေးချမ်းမှု၊ ရပ်ရွာအေးချမ်းသာယာမှုစသည့် အခြေအနေကောင်းများကို ခိုင်မာစွာ ရရှိနေပြီဖြစ်ကြောင်း။

## လက်တွဲပူးပေါင်းပါဝင်

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုရှိလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေး စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် စီမံကိန်းကြီးသုံးခုချမှတ်ပြီး နေ့မအား ညမနား ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ယခင်ကာလများနှင့် နှိုင်းယှဉ်ကြည့်ပါက ယခုအခါ များစွာတိုးတက်လျက်ရှိသည်ကို အားလုံးသိမြင်ခံစားနေကြရပြီဖြစ်ကြောင်း၊ အလားတူပင် ကျိုင်းတုံမြို့သည်လည်း ယခင်ကာလများနှင့် မတူ တိုးတက်လျက်ရှိသည်မှာ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသ ပိုမိုတိုးတက်လာရေးအတွက် တရားဥပဒေစိုးမိုးပြီး ပိုမိုအေးချမ်းသာယာလာအောင် ၊ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများက လူမှုရေး အသင်းအဖွဲ့များနှင့် လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် လိုကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့်လည်း အဖွဲ့၏ရည်ရွယ်ချက် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းကဏ္ဍကြီးငါးရပ် အောင်မြင်အောင် ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးအတွက် ချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အားလုံးက ညီညီညွတ်ညွတ်ဖြင့် ကျရာအခန်းကဏ္ဍက ပါဝင် ဆောင်ရွက်ကြရေးဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့အား ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နာယက တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရုံးဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုကမ္ပည်းမော်ကွန်းကို ပေးအပ်သည်။

## ထောက်ပံ့ငွေများပေးအပ်

ဆက်လက်၍ အတွင်းရေးမှူး(၂)က အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများဖြစ်ကြသော ကျိုင်းတုံမြို့နယ်မှ တပ်ကြပ်ကြီးလီဟာ(အငြိမ်းစား)၊ တပ်ကြပ်ကြီးမခေါ်လ(အငြိမ်းစား)၊ ဒုတိယတပ်ကြပ်တင်အောင်(အငြိမ်းစား) တို့အား ထောက်ပံ့ငွေများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ရပ်ကွက်(၃)ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိကြရာ ပြည်နယ်နှင့်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကြိုဆိုကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အသင်းကြီး၏စည်းရုံးရေးဆိုင်ရာကိစ္စများကို မှာကြားသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နှင့် လေးမိုင်ကွာ ယန်းလုကျေးရွာအနီးရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန အစိုးရကွန်ပျူတာကောလိပ်သို့ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်နန်းစိုင်မွန်းခမ်း၊ နောင်တုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုင်းတစ်အောင်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

## ခေတ်မီနိုင်ငံတည်ဆောက်နိုင်

ထို့နောက် အတွင်းရေးမှူး(၂)သည် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအားတွေ့ဆုံပြီး ကွန်ပျူတာကောလိပ်မှာ အသွင်သဏ္ဌာန်အရ ခံ့ညားထည်ဝါကောင်းမွန်ကြောင်း၊ ထို့အတူ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား အနှစ်သာရပြည့်ဝသော ကျောင်းသား ကျောင်းသူများဖြစ်လာအောင် ဆရာ ဆရာမများက ကြိုးစားသင်ကြားကြစေလိုကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်အတွင်း အသိပညာရှင် အတတ်ပညာရှင်များ အများအပြားပေါ်ထွန်းလာမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ပင်မကျောင်းဆောင်ရှိ စာသင်ခန်းများနှင့် ကျောင်းဝန်းကျင် စိမ်းလန်းစိုပြည်မှု၊ ကျောင်းတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အတွင်းရေးမှူး(၂)က ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ကျိုင်းတုံ အစိုးရကွန်ပျူတာကောလိပ်ကို ၂၀၀၁ ခုနှစ် မတ် ၁၉ ရက်တွင် စတင်ဖွင့်လှစ်သည်။ သုံးထပ်သံကူကွန်ကရစ် ပင်မကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၀၂ ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံး ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့မှ ငါးမိုင်အကွာ ကျိုင်းတုံ-လွယ်မွေကားလမ်းမကြီးဘေး ဝမ်မိုင်ကျေးရွာအနီးရှိ အစိုးရနည်းပညာကောလိပ် (ကျိုင်းတုံ)သို့ရောက်ရှိကြရာ တာဝန်ခံ ကျောင်းအုပ်ဦးဝင်းထွန်းဦးနှင့် ဆရာ ဆရာမများ၊ နောင်တုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုင်းတစ်အောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ဒေသဖွံ့ဖြိုးတိုးတက်ရေး

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျောင်းစုဝေးခန်းမ၌ မြို့ပြအင်ဂျင်နီယာသင်တန်း၊ စက်မှု အင်ဂျင်နီယာသင်တန်းတို့တွင် တက်ရောက်ပညာသင်ကြားလျက်ရှိကြသော ကျောင်းသားကျောင်းသူ များအားတွေ့ဆုံ၍ ပညာသင်ကြားမှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းကာ ပညာတတ်များဖြစ်အောင်၊ လူရည်ချွန် လူရည်မွန်များဖြစ်အောင် ကြိုးစားပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဆရာ ဆရာမများအားတွေ့ဆုံပြီး နိုင်ငံတော်က ကျောင်းများကို ငွေကြေး အမြောက်အမြားကျခံသုံးစွဲကာ တည်ဆောက်ပေးခြင်းမှာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်ဖြစ်ကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းစေရန် ဆရာများကစေတနာထားပြီး ပြုစု ပျိုးထောင်ပေးကြစေလိုကြောင်းဖြင့် မှာကြားကာ ဆရာဆရာမများကိုယ်စား တာဝန်ခံကျောင်းအုပ် ဦးဝင်းထွန်းဦးအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့သို့ ရောက်ရှိကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မိုင်းယုမြို့ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာနေမျိုးနှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသမီးလူနာဆောင်၊ မိခင်နှင့်ကလေးဆောင်နှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေများပေးအပ်ကာ ကျန်းမာရေးဝန်ထမ်းများအား စေတနာထား၍ ပြုစုကုသရန်၊ ပြည်သူများအား ကျန်းမာရေးအသိပညာပေးရန် မှာကြားသည်။

## ကာကွယ်စောင့်ရှောက်

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မိုင်းယုပြည်သူ့ဆေးရုံခန်းမ၌

***စာမျက်နှာ ၁၃ ကော်လံ ၁***

**စာမျက်နှာ ၁၂ မှ**

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအားတွေ့ဆုံပြီး မိုင်းယုမြို့သည် အစွန်အဖျားကျပြီး တိုင်းရင်းသားလူမျိုးများစုပေါင်းနေထိုင်သည့် ဒေသဖြစ်သည်နှင့်အညီ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်စွာဖြင့် မိမိတို့ နေထိုင်သည့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သူ့တာကိုယ့်တာ မခွဲခြားဘဲ အတူတကွပူးပေါင်းလက်တွဲဆောင်ရွက်ရေး၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများက ဒေသနေ ပြည်သူများနှင့် လက်တွဲကာ တရား ဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆောင်ရွက်ရေး၊ ဒေသနေပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုဘဝမြင့်မားလာစေရန် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါ တွဲဖက်ဆောင်ရွက်ရန် တွန်းအားပေးစည်းရုံးဆောင်ရွက်ရေး၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးနှင့် ကျန်းမာရေး အသိပညာပေးနိုင်ရေးတို့အတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသနေပြည်သူများက ပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ဖြစ်ထွန်းရေးအတွက် စေတနာအပြည့်အဝထားကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးနှင့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့ကို မွေးရာပါတာဝန်တစ်ရပ်အဖြစ်ခံယူကာ မျိုးချစ်စိတ်ဓာတ်ရှိရှိဖြင့် ကာကွယ်စောင့်ရှောက်သွားကြရန်တို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုးသို့ ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် မိုင်းယုမြို့ စုပေါင်းရုံးသို့ရောက်ရှိကြပြီး စုပေါင်းရုံးရှိ ဌာနဆိုင်ရာရုံးခန်းများနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာဖတ်ခန်းကို ဝင်ရောက်စစ်ဆေးပြီး ဒေသခံပြည်သူများ ဗဟုသုတတိုးပွားစေရန်စာဖတ်ခန်း၌ စာအုပ်များပြည့်စုံစွာထားရှိရေးနှင့် နေ့စဉ်ထုတ်သတင်းစာများ လျင်မြန်စွာဖတ်ရှုနိုင်ရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရဟတ်ယာဉ်ဖြင့် မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခိုင်ဇော်ငြိမ်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များက ကြိုဆိုကြပြီး အတွင်းရေးမှူး (၂)က ကြိုဆိုကြသူများအား ရင်းနှီးစွာနှုတ်ဆက်၍ ဝန်ထမ်းများသည် ပြည်သူ့ဝန်ကို ထမ်းရွက်ကြရသည့်သူများဖြစ်၍ မိမိတို့ထမ်းဆောင်ရမည့်တာဝန်ကို တာဝန်ကျေရုံ ထမ်းဆောင်နေခြင်းမျိုးမပြုဘဲ ဒေသဖွံ့ဖြိုးရေးအတွက် စိတ်စေတနာရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ထိန်းသိမ်းကာကွယ်စောင့် ရှောက်ရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံကို စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံအဖြစ် အဆင့်ခုနစ်ဆင့်ဖြင့် ကူးပြောင်းတော့မည်ဖြစ်ရာ ယင်းရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာထမ်းဆောင်ရန်၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် မိုင်းယောင်းမြို့၏ တိုးတက်စည်ပင်ဖွံ့ဖြိုးနေမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မိုင်းယောင်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ လက်ထောက်တာဝန်ခံ ဆရာဝန်ဒေါက်တာကျော်ကျော်စိုးနှင့် သူနာပြုဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)သည် အမျိုးသမီးလူနာခန်း၊ အမျိုးသားလူနာခန်း၊ဆေးသိုလှောင်ခန်း၊ သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ဆရာဝန်၊ ဆရာမများအတွက် ထောက်ပံ့ငွေများကို လက်ထောက်တာဝန်ခံဆရာဝန် ဒေါက်တာကျော်ကျော်စိုးသို့ပေးအပ်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မိုင်းယောင်းမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကြိုဆိုနှုတ်ဆက်ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံ ပြီး ဒို့တာဝန်အရေးသုံးပါးကို မွေးရာပါတာဝန်အဖြစ်ခံယူ၍ အသက်ထက်ဆုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန်၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းရပ်အားလုံး အောင်မြင်စေရေးအတွက်ကျရာကဏ္ဍက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ မိမိတို့တာဝန်ယူရသည့် နယ်မြေတရားဥပဒေစိုးမိုးပြီး အေးချမ်းသာယာရေး၊ဒေသဖွံ့ဖြိုးတိုး တက်ရေးအတွက် တာဝန်ကျေရုံမကဘဲ စိတ်စေတနာပါပါဖြင့် ကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံတော်၏ အမျိုးသားစွမ်းအားစုဖြစ်သည့် လူမှုရေးအသင်းအဖွဲ့များကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ညီညီညွတ်ညွတ်ဆောင်ရွက်သွားကြရန် မှာကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မိုင်းယောင်းမြို့မှ တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကံညွန့်၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ဦးထွန်းတင်စိုး၊ အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် ကျိုင်းလပ်မြို့ စုပေါင်းရုံးကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြို့နယ်ခန်းမရှေ့၌ ကြိုဆိုနေကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ပြီး ဌာနဆိုင်ရာများအား မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးစည်ပင်အောင် ဆောင်ရွက်ရန်၊ ဒေသဖွံ့ဖြိုးရေးအတွက် စိတ်စေတနာအပြည့်အဝထားပြီး ဆောင်ရွက်ကြရန်နှင့် လူမှုရေးအသင်းအဖွဲ့များကလည်း ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများနှင့် ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် အရှည်နှစ်မိုင်ရှိ မြို့တွင်းသွားလမ်း၌ အကျယ် ၁၅ ပေနှင့် အရှည် ၆ ဖာလုံရှိ ကတ္တရာလမ်းခင်းပြီးစီးမှုကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ကျိုင်းတုံမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

### ကပ်လှူပူဇော်

အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ညနေ ၆နာရီတွင် ကျိုင်းတုံမြို့ ရပ်ကွက်(၁)ရှိ စွမ်းဆပ်ကုန်းတော်၌ တည်ထားကိုးကွယ်သည့် ခေမရဋ္ဌဗျာဒိတ်တော်ပေးရပ်တော်မူ ဘုရားကြီးသို့ ရောက်ရှိကြပြီး ရှေးဦးစွာဘုရားကြီးကို လက်ယာရစ်လှည့်လည်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့်လည်း ကပ်လှူပူဇော်ကြည်ညိုကြသည်။

ယင်းနောက် ဘုရားဌေ့သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

### အနုပညာပစ္စည်းများကြည့်ရှု

ဆက်လက်၍ အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် ဘုရားပရဝဏ်ရှိ ယဉ်ကျေးမှုပြတိုက်သို့ရောက်ရှိကြပြီး ပြတိုက်၌ပြသထားသော တိုင်းရင်းသားလူမျိုး အမျိုးသား၊ အမျိုးသမီးများ၏ဝတ်စားဆင်ယင်မှုများ၊ တိုင်းရင်းသားလူမျိုးများ၏အနုပညာ ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် နောင်တုံကန်ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု ကြပြီး မဟာမြတ်မုနိဘုရားသို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဟောင်ခမ်းနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဘုရားကြီးအား ပန်း၊ ဆီမီး၊ နံ့သာများကပ်လှူ၍ ဖူးမြော်ကြည်ညိုပြီး ဌေ့သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် အလှူငွေများထည့်ဝင်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မိုင်းယန်းမြို့နယ် ပြည်သူ့ဆေးရုံ ဆေးသိုလှောင်ခန်းကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

## မဟာသွံ့သာရရုပ်ရှင်တော်မြတ်ကြီးရွှေသက်န်းကပ်လှူပွဲ

**ရန်ကုန် အောက်တိုဘာ ၁၆**

အင်းစိန်၊ တောင်သူကုန်း၊ ဘိုကုန်း ဇေယျာသဒ္ဓိ မဟာသွံ့သာရ ဘုရားကျောင်း၌ မဟာသွံ့သာရ ရုပ်ရှင်တော်မြတ်ကြီး ရွှေသင်္ကန်းဆက်ကပ်ပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီမှစ၍ ၂၅ရက်အထိ မည်သူမဆို ရွှေသင်္ကန်းဆက်ကပ်နိုင်ပြီး ၂၈ရက် (သီတင်းကျွတ်လပြည့်) နေ့ နံနက် ၉ နာရီတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ ကျင်းပမည်ဖြစ်ရာ ဘုရားဒါယကာ၊ ဒါယိကာမများ အချိန်မီကြွရောက်ကြရန်နှင့်ရွှေသင်္ကန်း ဆက်ကပ်ရန် ရွှေသင်္ကန်းများ ကျောင်းတိုက်မှအသင့် စီစဉ်ထားပြီး အခိဌာန် ပုတီးစိပ်လိုသူများ၊ သစ်သီး၊ ပန်းဆက်ကပ်လိုသူများ အောက်တိုဘာ ၂၁ ရက်မှစ၍ လှူဒါန်းနိုင်ကြောင်း ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။

**(က-ပ)**

## ရွှေပြည်ဟိန်းဓမ္မသဘာဆောင် အလှူတော်ငွေလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကင်း၊ပြည်သာယာ၊ရွှေပြည်ဟိန်းကျောင်းတွင် တည်ဆောက်ဆဲ ဓမ္မသဘာကျောင်းဆောင်အတွက် လမ်းမတော်မြို့နယ်၁၂လမ်း အမှတ်၆၃နေ ကွယ်လွန်သူ ရဟန်းမယ်တော်ကြီး ဒေါ်ခင်ကြည် (မော်ကျွန်း)အား ရည်စူး၍ ကျန်ရစ်သူ တူ-တူမ ဦးညို မောင်-ဒေါ်နွဲ့ မိသားစုက အလှူတော်ငွေ ကျပ်ငါးသောင်းကို ရွှေပြည်ဟိန်းဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ခေမာ သိရီလင်္ကာရထံ ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**(က-ပ)**

**စာမျက်နှာ ၁၁ မှ**

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မိုင်းခတ်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာကျော်ဇင်ပြုံးနှင့် ဆရာဝန်၊ သူနာပြု ဆရာမများက ကြိုဆိုကြပြီး ဆေးသိုလှောင်ခန်း၊ အမျိုးသားလူနာဆောင်၊ ခွဲစိတ်ဆောင်နှင့် အမျိုးသမီး လူနာဆောင်များကို လှည့်လည်ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) သည် လူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ထိုမှတစ်ဆင့်အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မိုင်းခတ်မြို့မှ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ မိုင်းယန်းမြို့သို့ မွန်းလွဲ ၁ နာရီခွဲတွင် ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းမှူး ဗိုလ်မှူးနေဝင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

### ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာရောက်ကြိုဆိုကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မိုင်းယန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာ စိန်အေးနှင့် သူနာပြုဆရာမများက ကြိုဆိုကြပြီး အမျိုးသားလူနာဆောင်၊ ဆေးစတိုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) သည် လူနာများအားကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မိုင်းယန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး ဦးနိုင်ဟိုင်ကွန်းနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) သည် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပညာရေးဆိုင်ရာ ကိစ္စများကို မေးမြန်း၍ ပညာရည်မြင့်မားရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မိုင်းယန်းမြို့ ပါကန်ကျောင်းတိုက်သို့ ရောက်ရှိကြပြီး မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ပါကန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဘာဂမောနှင့် ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မိုင်းယန်းမြို့မှ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း တပ်ကြပ်ကြီးသိန်းမောင် (အငြိမ်းစား)အား ထောက်ပံ့ငွေများပေးအပ်ပြီး အဖွဲ့ဝင်များနှင့်အတူ ညနေပိုင်းတွင် ကျိုင်းတုံမြို့သို့ရောက်ရှိကြသည်။ **(သတင်းစဉ်)**

## မင်္ဂလာဗျူဟာ သွေးလှူဒါန်းပွဲ

**ရန်ကုန် အောက်တိုဘာ ၁၆**

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ် (၇၃)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို အောက်တိုဘာ ၂၄ ရက် တနင်္ဂနွေနေ့ နံနက်၉နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ သွေးလှူရှင်များ ကြိုတင်စာရင်းပေးသွင်းကြရန်နှိုးဆော်ထားသည်ဟု သိရသည်။

**(က-ပ)**

## တိမ်အသင့်အတင့်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

# နယ်စပ်/ စည်ပင်ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်အား ဂျပန်နိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၆

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Nobutake Odano သည် အောက်တိုဘာ ၁၂ရက် မွန်းလွဲ ၁နာရီက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။** (ယာပုံ)



**တက်ရောက်**

အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# စလင်းချောင်းတံတားဆောက်လုပ်ရန် အလှူငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၆**

ဂန့်ဂေါခရိုင်ဆောမြို့နယ်လောင်းရှည်ရွာ လယ်ပေါ်ဘုန်းတော်ကြီးကျောင်း၌ လောင်းရှည်ရွာအဝင် စလင်းချောင်းတံတားဆောက်လုပ် ရန် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၂၃ရက်က ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေ၊ ဆောမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက တံတား တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း နှစ်ဆယ်ကို တံတားဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အဆိုပါတံတားမှာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ၏ ပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူများက စုပေါင်း ဆောက်လုပ်ခြင်းဖြစ်ပြီး အရှည်ပေ ၃၀၀ရှိ သစ်သားတံတားဖြစ်ကြောင်း သိရသည်။ **(၂၇၃)**

# ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ (World Sight Day) အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အမှာစကားပြောကြားသည်။**

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားရာတွင် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ၂၀၀၀ ပြည့်နှစ် အောက်တိုဘာ ၁၀ ရက်က စပြီး မြန်မာနိုင်ငံတွင် စတင် ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေး စီမံချက်ဌာနကို ကျန်းမာရေးဦးစီးဌာနအောက်တွင် သီးသန့်ထားရှိပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအတွင်း ကာကွယ်ကုသ၍ရသော မျက်စိရောဂါများအကြောင်း သိရှိနားလည်စေရန် အောက်ခြေကျေးလက်ဒေသများအထိ သွားရောက်ပြီး မျက်စိ ကျန်းမာရေး အသိပညာပေးခြင်း၊ ကျေးရွာတွင် ကုသ၍ရသော ရောဂါများကို ကုသပေးခြင်းနှင့် ညွှန်းပို့ရန် လိုအပ်သောလူနာများကို မျက်စိကုဌာနများသို့ ညွှန်းပို့၍ခွဲစိတ်ခြင်း၊ ကုသခြင်းများကို အဖွဲ့ ၁၆ဖွဲ့က နှစ်စဉ် တိုးတက်ဆောင်ရွက်လျက် ရှိကြောင်း၊ လူမှုရေးအသင်းအဖွဲ့ ဖြစ်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအနေဖြင့်လည်း တစ်နိုင်ငံလုံးတွင် ကုသ၍ရသော မျက်မမြင်များအား စည်းရုံးထောက်ပံ့၍မျက်မမြင်ကာကွယ်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား ကူညီဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ယခင်မျက်မမြင်စီမံချက်အဖွဲ့ ၁၂ခုရှိရာမှ ၂၀၀၃ခုနှစ်တွင် ကျောက်ပန်းတောင်း၊တောင်တွင်းကြီး၊ မြိုင်၊ ဂန့်ဂေါမြို့များ၌ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခင်ရှိပြီး ပြည်နယ်နှင့်တိုင်း မျက်စိကုဌာနများအပြင် ယခုအခါခရိုင်အထိပါ မျက်စိကု ဌာနများ တိုးချဲ့ဖွင့်လှစ်ပေးပြီး မျက်စိအထူးကုဆရာဝန်များ ခန့်ထားပေးလျက်ရှိကြောင်း။

**အောင်မြင်စွာကျင်းပ**

အဓိက မျက်စိကွယ်စေသော အတွင်းတိမ်၊ ရေတိမ်ရောဂါများကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်ခွဲစိတ်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထုအတွင်း မျက်စိရောဂါများအကြောင်း သိရှိနိုင်ရန်လည်း ပဏာမမျက်စိ ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများ ဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား နှစ်စဉ်ပို့ချလျက်ရှိကြောင်း၊ ၂၀၀၃ခုနှစ် ဇူလိုင်လတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကူအညီဖြင့် Vision 2020၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် Prevention of Childhood Blindness အစီအစဉ်ကို ချမှတ်ရန် ဒေသတွင်းနိုင်ငံများ အစည်းအဝေးကို Trader Hotel တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း။

ယခုကဲ့သို့ မျက်မမြင် ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျက်မမြင်ကာကွယ်ရေး စီမံချက်တစ်ခုတည်းမဟုတ်ဘဲ ပြည်နယ်နှင့်တိုင်းဆေးရုံကြီးများရှိ မျက်စိကုဌာနများ၊ အခြေခံ ကျန်းမာရေးဌာနများကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များအပြင် ပြည်သူလူထု တစ်ရပ်လုံးက လက်ရှိအခြေအနေထက် အရှိန်အဟုန်မြင့်စွာ ပူးပေါင်းဆောင်ရွက်မှသာ ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့၏ ရည်မှန်းချက်ဖြစ်သည့် ကာကွယ်ကုသ၍ရသော မျက်မမြင်ရောဂါများကြောင့် မျက်စိကွယ်ခြင်းကို လျော့နည်းပပျောက်အောင် ဆောင်ရွက် နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ Dr.Stephan P. Jost က အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# တွံတေးအရှင်ကုန္ဒက တရားပွဲ

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာမေ္ဘာရုံကြီးတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) သီရိမင်္ဂလာ မဟာစည်ရိပ်သာဦးစီးပဓာန နာယကဓမ္မကထိက ဗဟုဇနဟိတရေ တွံတေးအရှင်ကုန္ဒက ဆရာတော်အရှင်သူမြတ်သည် သီတင်းကျွတ်လဆန်း ၈ ရက် (အောက်တိုဘာ၂၁ရက်) မွန်းလွဲ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

# အများပြည်သူများကြည့်ရှုလေ့လာနိုင်စေရန် ရှေးဟောင်းပစ္စည်းများ အမျိုးသားပြတိုက်သို့ လာရောက်အပ်နှံ

ရန်ကုန် အောက်တိုဘာ ၁၆

**မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျဉ်းမနားမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ကျည်တောင်ကျေးရွာနေ တောင်သူ ဦးတင်ရွှေက ပျဉ်းမနားမြို့ အရှေ့ဘက်ရှိ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ၃မိုင် ၄ဖာလုံခန့်အကွာ ပိုက်ထောင်နဂါးမောက်တောင်ကြောမှ တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းများကို အများပြည်သူတို့ ကြည့်ရှုလေ့လာနိုင်စေရန် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက်သို့ အောက်တိုဘာ ၁၄ ရက် နံနက် ၁၁နာရီက လာရောက်အပ်နှံသည်။**

ယင်းရှေးဟောင်းပစ္စည်းများကိုယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး(အမျိုးသားပြတိုက်) ဒေါ်နုမြဖဲက လက်ခံပြီး ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနက ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ရှေးဟောင်းသုတေသနဦးစီးဌာနက ချီးမြှင့်သည့် ငွေကျပ်နှစ်သိန်းရှစ်ရာတို့ကို ရှေးဟောင်းပစ္စည်းများလာရောက်အပ်နှံသူ ကျည်တောင်ကျေးရွာနေ ဦးတင်ရွှေအားပေးအပ်ကာကျေးဇူးတင်စကားပြောကြားသည်။

လာရောက်အပ်နှံသည့် ရှေးဟောင်းပစ္စည်းများမှာ ရွှေဆွဲပြားတစ်ပြားသဏ္ဌာန် ပြုလုပ်ထားသော ဗိဿနိုးမှ ပျူအရုပ်များနှင့်တူသည့် အရုပ်များပါသော ငါးမူးစေ့အရွယ် ပျူရွှေဒင်္ဂါးပြားတစ်ပြား၊ ရွှေငွေရောသတ္တုဖြင့် ပြုလုပ်ထားသော ပျူနေဝန်းပုံပါ ဒင်္ဂါးပြားတစ်ပြား၊ ပျူငွေဒင်္ဂါးပြားအကြီးသုံးပြားနှင့် အသေးတစ်ပြား၊ ပျူလက်စွပ်ဟု ယူဆရသော ငွေလက်စွပ်ကြီး တစ်ကွင်းနှင့် ငွေအိုး၏ နှုတ်ခမ်းသားဟု ယူဆရသော ငွေစငယ်သုံးစတို့ ဖြစ်သည်။**(အောက်ပုံ)**

အဆိုပါပစ္စည်းများအနက် ရွှေဆွဲပြားသဏ္ဌာန်ပြုလုပ်ထားသော ဗိဿနိုးမှ ပျူအရုပ်များနှင့်တူသည့် အရုပ်များပါသော ငါးမူးစေ့အရွယ် ပျူရွှေဒင်္ဂါးပြားတစ်ပြားမှာ ယခင်က အဆိုပါအရုပ်များကို မြေအိုးမြေခွက်များပေါ်တွင်သာတွေ့ရှိဘူးပြီး ရွှေပေါ်တွင်တွေ့ရှိရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သဖြင့် ရှားပါးသော ပျူလက်ရာ ရွှေဒင်္ဂါးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



# အနာကြီးရောဂါကင်းဝေးရေး စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၆**

ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေး စီမံကိန်းက ကျင်းပပြုလုပ်ပြီး ရန်ကုန် မြောက်ပိုင်းခရိုင် မြို့နယ်များရှိ အခြေခံကျန်းမာရေး ဝန်ထမ်းများ ပါဝင်တက်ရောက်သည့် အနာကြီးရောဂါကင်းဝေးရေး စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို တိုင်းကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစံရွှေဝင်း (ညွှန်ကြားရေးမှူး၊ပြည်သူ့ကျန်းမာ)၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူး (အနာကြီး)ဒေါက်တာ ကျော်မြင့်တို့က အဖွင့်အမှာစကားပြောကြားကြသည်။ ဆွေးနွေးပွဲတွင် အနာကြီးရောဂါကင်းဝေးရေး ရေရှည်တည်တံ့ ခိုင်မြဲအောင် ပေါင်းစည်းလုပ်ငန်းများအတွက် အဓိကထား ဆွေးနွေးခဲ့သည်။ အလားတူ အလုပ်ရုံဆွေးနွေးပွဲများကိုမန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင်လည်း ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

**(က–ပ)**

# ဘတ်စ်ကား၊ ထရပ်ကားများကို ဓာတ်ငွေ့သုံးမော်တော်ယာဉ်အဖြစ်ပြောင်းလဲသုံးစွဲရေး ဝိုင်းဝန်းလုပ်ဆောင် ဓာတ်ငွေ့အိုး၊ ကွန်ပရက်ဆာအချိန်မီရရှိရေးနှင့် ဓာတ်ငွေ့ဆိုင်များတိုးချဲ့ဖွင့်လှစ်ရေးဆောင်ရွက်နေပြီ နိုဝင်ဘာ၊ ဒီဇင်ဘာမှစပြီး အများသုံးမော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံးယာဉ်အဖြစ်တိုးချဲ့ပြောင်းလဲ

ရန်ကုန် အောက်တိုဘာ ၁၆

**သဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ယာဉ်များအဖြစ်ပြောင်းလဲရေးဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

ညှိနှိုင်းအစည်းအဝေးသို့ ဦးစီးကော်မတီအဖွဲ့ဝင် ဝန်ကြီးများ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**မော်တော်ယာဉ်စီးရေ ၁ ဒသမ ၅ သိန်းကျော်**

ညှိနှိုင်းအစည်းအဝေးတွင် သဘာဝဓာတ်ငွေ့ (CNG)သုံးမော်တော်ယာဉ်များအဖြစ်ပြောင်းလဲရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အဖွင့်ဆွေးနွေးမှာကြားရာ၌ *စာမျက်နှာ ၇ ကော်လံ ၁* *



သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အမှတ်(၂) စက်မှုဝန်ကြီးဌာန မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၁) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံတွင် သဘာဝဓာတ်ငွေ့သုံးစနစ် ပြောင်းလဲထားသော မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်( အရှေ့ပိုင်း ) ဒေသဝမ်းစာဖူလုံသည့်အပြင် ပိုလျှံလာသည်အထိကြိုးပမ်း မိုးစပါးဧကလေးသိန်းပြည့်မီရေး နည်းလမ်းမျိုးစုံဖြင့်ဖိဖိစီးစီးဆောင်ရွက် စိုက်ပျိုးရေးဌာနမှတာဝန်ရှိသူများ သူ့တာကိုယ့်တာမခွဲခြားဘဲ အားသွန်စွမ်းဆောင်

**ရန်ကုန် အောက်တိုဘာ ၁၆**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး *စာမျက်နှာ ၁၁ ကော်လံ ၁* ■



ပညာရှင်အဆင့် သီချင်း စာသားရေး တေးသွားထည့် အရေးပြိုင်ပွဲတွင် ပြည်နယ်၊တိုင်း အသီးသီးမှပညာရှင်များယှဉ်ပြိုင်နေကြစဉ်။ **(မြန်မာ့အလင်း)**

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တတိယမြောက်နေ့စည်ကား မြန်မာ့ယဉ်ကျေးမှုမြတ်နိုးသူ ပြည်သူများ ကြည့်ရှုနားသောတဆင်

**ရန်ကုန် အောက်တိုဘာ ၁၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ထည်ထည်ခိုင်ခိုင်မြဲမြဲ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေးဦးတည်ပြီး မြန်မာလူမျိုးတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ လူမှုတန်ဖိုးများကို ထိန်းသိမ်းမြှင့်တင်ရေး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် အစွမ်းထက်မြက်သည့် အမျိုးသားရေးစွမ်းပကားကို ပိုမိုထက်မြက်ခိုင်မာစေရန် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးလျက်ရှိသည့် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ တတိယမြောက်နေ့ ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ခမ်းနားသိုက်မြိုက်စည်ကားစွာဖြင့် ယနေ့ဆက်လက်ကျင်းပသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐



ဝါသနာရှင် အမျိုးသား အကပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်မိုးဆုူးအောင် ယှဉ်ပြိုင်နေစဉ်။ **(မြန်မာ့အလင်း)**



ဓမ္မပူဇာတေး အခြေခံ (၅ - ၁၀ )နှစ် အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်ထက်အောင်ဖြိုး ယှဉ်ပြိုင်သီဆိုနေစဉ်။ **(မြန်မာ့အလင်း)**



တယော အခြေခံ(၅-၁၀ )နှစ် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မအိအိမွန် ယှဉ်ပြိုင်နေစဉ်။ **(မြန်မာ့အလင်း)**